# ဘယ်ပန်းချီရေးလို့မမီ

ဒါရိုက်တာ – မီးပွား

ဇာတ်ဆောင်များ – ကျော်ဟိန်း (ကိုကံထူး)

– နေအောင် (ရှာသူကြီးသာထွန်း)

– ဒွေး (တိုက်မောင်း)

– မေသန်းနု (ရွှေမှုံ)

“ ရွှေမှုံ....ငါပါဟဲ့ ”

“ မိသင်းလေ....ထမင်းလာပို့တာ ”

“ ငါနဲ့နဲ့ နောက်ကျသွားတယ် ရွှေမှုံရယ်....နင်လည်းဆာရောပေါ့ ”

“ သြော်....နင်လိုချင်ယူလိုက်ပေါ့ဟာ နင်နဲ့ဆို ပိုပြီးလှတာပေါ့ ”

“ ဟင်း....ဟင်း....ဟင်း....နင်မကြိုက်လည်းလွှင့်ပစ်လိုက်ပေါ့ဟာ....ကဲ....ထ ထမင်းစားရအောင် ”

“ ဒုက္ခပါဘဲ....စိတ်တွေဘာတွေထိန်းပါအုံးဟယ် ”

“ အလကား မကြောက်ပါနဲ့....တခါလာလဲညောင်မိစ္ဆာ....တခါလာလဲညောင်မိစ္ဆာ ”

“ တိုးတိုးပြောပါကွာ...ကြားသွားပါအုံးမယ် ”

“ ညောင်မိစ္ဆာဆိုတာ မယုံဘူးဗျာ ”

“ ကိုကံထူးနဲ့ဦးဘိုးရှိန်တို့လည်း ဒီအသက်အရွယ်ရှိနေပြီ။ ဒီနတ်ထိန်းဖိုးခပြောတာကိုယုံ ”

“ သူကြီး ....ခင်ဗျားစကားကိုပြောတာ ဆင်ခြင်ပြောပါ ”

“ နာနာဘာဝဆိုတာကိုမယုံလို့မဖြစ်ဘူးလေ။ ဒီနတ်ထိန်းဖိုးခပြောတာကို မယုံရင်ထား။ ဝိညာဉ်လောကကြီးတော့ ယုံဘို့လိုတယ်နော် ”

“ ကိုကံထူးကလည်းဗျာ....နတ်ထိန်းဖိုးခပြောတာကို ကိုကံထူးလက်ခံတယ်ပေါ့ ”

“ ဟာ....လက်မခံလို့မရဘူးလေ....ရွှေမှုံလေးရူးနေတာကိုကြည့်....သူ့မိဘတွေအသေဆိုးသေတာကိုကြည်....ညောင်မိစ္ဆာကြီးဟာ တအားကြောက်ဘို့ ကောင်းတယ်နော် ”

“ ဟား....ဟား....တအားဆိုတာ.... ”

“ ကိုကံထူးနဲ့ဦးဘိုးရှိန် ကျွန်တော်ကတော့မယုံဘူးဗျာ....အဲဒီညောင်မိစ္ဆာလာစမ်း ....ဓါးနဲ့ခုတ်မယ် ”

“ သူကြီးနဲ့ အပြောအဆိုဆင်ခြင်ပါဆို ”

“ ညောင်မိစ္ဆာကိုခင်ဗျားခုတ်ချင်တိုင်းခုတ်လို့ရမတဲ့လား....ညောင်မိစ္ဆာဆိုတာအလွန်တန်ခိုးကြီးတဲ့နတ်ဆိုး.... ကိုဘိုးရှိန်ပြောအုံးဗျာ....ကျုပ်တော့လန့်နေပြီ ”

“ ဟား....ဟား....ဟား....”

“ ခင်ဗျား မယုံရင်လည်းနေဗျာ....အဲဒီလိုစော်ကားမော်ကား လုပ်ဘို့တော့မသင့်ဘူးဗျာ ”

“ ကိုဘိုးရှိန်ကလည်းဗျာ....ခင်ဗျားတို့က ဒီအသက်အရွယ်ရှိနေပြီ....ကလေးတွေကြောက်ဘို့လည်းချန်ထားပါအုန်းဗျာ ”

“ ဘယ့်နှယ်လဲ ကိုထံထူး....ခင်ဗျားလည်း ဒီအသက်အရွယ်ရောက်ပြီ....မြောက်ဘက်ရှင်မဆိုတာ ယုံတုန်းဘဲလား ”

“ ဘာလဲ....မြောက်ဘက်ရှင်မဆိုတာ ”

“ ဟ....ဦးဘိုးရှိန်ရ သူ့သားငယ်ငယ်လေးတုန်းကသူ့ဇနီးဆုံးရှာတယ်....အင်း အဲဒါကို နတ်ထိတ်းဖိုးခက မြောက်ဘက်ရှင်မ ဖမ်းစားတယ်ပြောတာကို ကိုကံထူးကယုံတယ်ဗျာ....အဲဒီတော့ ကျွန်တော်ကမေးတယ်....ကိုကံထူး ဘာတုန်း မြောက်ဘက်ရှင်မဆိုတာ မျောက်ကိုဖက်ထားတဲ့မိန်းမလားလို့ မေးလိုက်တာပေါ့ကွာ ”

“ ဟာ....သူကြီးနဲ့ပြောလေခက်လေ နာနာဘာဝဝိနာဘာဝဆိုတာ မလေးမစားမလုပ်ကောင်းဘူးနော်....အရှင်မင်းကြီးများ တောင်းပန်ပါတယ်....ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ကြပါ....ကျွန်တော်ပြောတာမဟုတ်ပါဘူး....ခွင့်လွှတ်ပါ....ခွင့်လွှတ်ပါ ”

“ ဒုက္ခပါဘဲဗျာ....ဟုတ်တယ် ကျုပ်ပြောတာပါ ”

“ ကိုင်း ဒါတွေထားလိုက်ပါတော့ဗျာ ”

“ ကိုဘိုးရှိန် အရက်လေးဘာလေးရှိရင်ချဗျာ ”

“ ကျုပ်မသောက်တော့ဘူး....ကျုပ်သွားတော့မယ် ”

“ လုပ်ပါအုံး ”

“ ညဉ့်နက်နေပြီ....တိုက်မောင်းလည်း ကျုပ်ကို စိတ်ပူနေလိမ့်မယ်....မသောက်တော့ဘူး ”

“ ဟား....ဟား....တစ်ခွက်လောက်ချသွားပါအုံး....တကယ်ကောင်းလို့ပါ....အနေ့ကမှ ဖိုပေါ်ကချထားတာ ”

“ မသောက်ဘူး....မသောက်ဘူး....စကားအပြောအဆိုမဆင်ခြင်တဲ့လူတွေနဲ့ ကျုပ်တွဲပြီးတော့မသောက်ဘူး ”

“ မောင်ကံထူးရေ....မှတ်ထားအုံးဗျာ မြောက်ဘက်ရှင်မဆိုတာ မျောက်ကိုဖက်ထားတဲ့မိန်းမကို ပြောတာဗျို့ ”

“ ဟာ....အဘ ဘာဖြစ်လို့လဲ ”

“ ဘာမှ မဖြစ်ပါဘူးသားရယ် ”

“ ဦးလေး ဦးဘိုးရှိန်တို့အိမ်မှာ ဘာတွေဖြစ်လာလဲ ”

“ ဘာမှ မဖြစ်ပါဘူးကွာ....ကိုရှိန်တို့အိမ်မှာ ဘိုးခကြီးနဲ့တွေ့ပြီး သူပြောသမျှနားထောင်ပြီး ပြန်လာခဲ့တာဘဲ ”

“ ကဲ....လုံလိုက်....လုံလိုက်....အဘ....နှိပ်ပေးမယ်....ပြောပါအုံး အဲဒီဘိုးခကြီးက ဘာတွေလျှောက်ပြောနေတာလဲ.... ဘာလဲ ဒီနှစ်သီးနှံအထွက်ကောင်းမယ်တဲ့လား....အလကားအရူးကြီး ”

“ ဟာ....ဘိုးခကြီးကို မလေးမစားသွားမပြောနဲ့ကွ....မင်းတို့ ငါတို့ မသိတာတွေသူက တော်တော်သိတာနော် ”

“ ထားပါတော့အဘရယ်....အခု သူက ဘာတွေပြောလိုက်ပြန်ပြီလဲ ”

“ ညောင်မိစ္ဆာကြီးအကြောင်းကို အသေးစိတ်ပြောပြလိုက်တာပေါ့....အခုရွှေမှုံတို့ မိသားစုက ကျိန်စာသင့်တာတဲ့.... ကြောက်စရာကြီးကွာ....ကြက်သီးကို ဖြန်းဖြန်းထတယ် ”

“ တော်ပါတော့ အဘရာ....မဟုတ်တရုတ်တွေ လျှောက်မပြောမနေပါနဲ့တော့....ကျုပ်ကညောင်မိစ္ဆာဆိုတဲ့ ကောင်ကြီးနဲ့ ရင်ဆိုင်တွေ့ပလိုက်ချင်တယ် ”

“ ဟဲ့....ဟဲ့ တိုက်မောင်း ဒီကလေးနဲ့ခက်ရန်ကော မပြောကောင်းမကြံကောင်းကွာ....ဟာ....တော်တော် ငါဘုရား ရှိခိုးမယ် ”

“ ကျုပ်နှိပ်ပေးမယ် ”

“ တော်....တော်....မင်းအရေခွံကြီးက ဒီမှာလာမထားနဲ့....မင်းဒါကြီးက ဘာလုပ်တာလဲ....ဒီနားမှာမထားနဲ့ ”

“ သိမ်းပါ့မယ်....အဘ ”

" ကျေးဇူးတော်အနန္တနဲ့ ဗုဒ္ဓမြတ်စွာဘုရား....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ....

" ဟိတ်....အား....မောင်တော်ဘုရားပါလား....ဟား....ဟား....ဟား နန္ဒမူ လိုက်ဂူထိပ်က မဥ္ဇူသက နတ်ပန်းအလှကို နှမတော်လေးအတွက် ဆွတ်ခူးခဲ့ပြီပေါ့နော်....ဟား....ဟား နတ်မြင်းပျံကြီးစီးလို့ ကောင်းကင်ခရီးက မောင်ကြီးဘုရား ကြွရောက်တော်မူပြီလား....နှမတော်လေးက စောင့်ကြိုလျှက်ပါမောင်တော်.....ဟား....ဟား ဟဲ့....နေညိုတော်ကြီးများ မောင်ကြီးဘုရားကို အကြိုတော်ထောက်ကြစမ်း....သခင်မ အမိန့်ပေးနေတယ်လေ "

" ရွှေမှုံ....ရွှေမှုံ....ကလေးမ သတိထား....ငါပါဟ....ဘဘကြီးလေ....ဘဘကြီး "

" ဘာပြောတယ်....ဟဲ့ ရဲမက်တွေလာကြစမ်း ဒီမှာရန်သူ....ဒီမှာရန်သူ ရှေ့မတိုးနဲ့ ရပ်လိုက်စမ်း....နင်ဓါးမြဗိုလ် မိုးဒီး မဟုတ်လား....ဟား....ဟား....အောင်မာဘာရမလဲ....နင်ငါ့ကိုလုပျိုစကားပြောမလို့လာတာမဟုတ်လား....ဟားဟဲ့....ဓါးမြဗိုလ်မိုးဒီး နင် ငါ့နန်းတော်ထဲကို ဝင်ရဲဝင်ကြည့်စမ်း....ဟင်...ဆေးကြိမ်လုံးစာမိသွားမယ် ဟင် ဘာမှတ်သလဲ....လောင်မီးကျအောင် ငါလုပ်လိုက်ရမလား...."

" ရွှေမှုံ....ရွှေမှုံ ကလေးမသတိထား ဘဘကြီးလေ.....ဦးကံထူးလေ....ကံထူး "

" ဟဲ့....အယုတ်တမာကောင်....မောင်တော်ဘုရားရေ....နှမတော်လေးကို ကယ်ပါအုံး....နှမတော်လေးကို မဟုတ်တာတွေကြံ စည်နေကြတယ်....လာကြပါအုံး "

" မဟုတ်ဘူး....မဟုတ်ဘူး "

" ဟဲ့ကောင်....လာ ....မြန်မြန်လာ "

" ဟဲ့ ကိုကံထူး....တိုက်မောင်းရာ....နင့်အဘ ဒီလောက်မအိုသေးပါဘူး....သူ့ဘာသာသူ မြင်းပေါ်တက်နိုင်ပါတယ် "

" သြော်....သူကြီးရ....ကျုပ်အဘက သူကြီးလို စိတ်ကြမ်းကိုယ်ကြမ်းမဟုတ်ဘူးဗျ....စိတ်နုတော့ကိုယ်ကလည်းနုတယ် "

" ဟား....ဟား....မင်းကများငါ့ကိုစိတ်ကြမ်းလူကြမ်းတဲ့....မင်းကတောဘာထူးလဲ....ငါနဲ့မင်းသွားတိုင်း မင်းဘဲထိန်းနေတာ "

" သူကြီး....ကျုပ်အဘကိုသေချာကြည့်ခေါ်သွားအုံးနော်....နက်ကလဲဈေးလည်းအဘမရောက်တာကြာလို့ ထည့်လိုက်တာ ကျုပ်ကတောင်ယာလုပ်နေတော့မအားလို့....မဟုတ်ရင် ကိုယ်တိုင် အဘကို လိုက်ပို့ချင်တာ "

" စိတ်ချစမ်းပါတိုက်မောင်းရာ....မင်းမလဲ မင်းအဘတော့ တော်တော်ချစ်ရှာသား "

" သူကြီးမလဲ....ဒီမှာ ကျုပ်အဘနဲ့ ကျုပ်နှမဘဲရှိတာ "

" အခုတော့ ဒီအတိုင်းပြောတာဘဲ....ဦးဘိုးရှိန်သမီး ခင်ဖြူက အချော့ကောင်းတာနဲ့ "

" ဟား....ဟား....ဟုတ်ပါ့ဗျာ....ဟုတ်ပါ့ဗျာ....ရည်းစားနဲ့တွေ့ရင် အဘတို့ဘာတို့ မေ့သွားမှာ "

" ရည်းစားဟာ ရည်းစားဘဲ သူကြီးရဲ့....ကျုပ်ကဒီအဘကို အချစ်ဆုံး....အဘ စောစောပြန်ခဲ့နော်....မိုးမချုပ်စေနဲ့ ရွာထိပ်က ထွက်စောင့်နေမယ် "

" ဝတ္တရားကတော့ သားကတော်ရှာပေတာဘဲ....ခင်ဗျားသားလောက် ခင်ဗျားအပေါ်မှာ ဂရုစိုက်တဲ့သား....ချစ်တဲ့သား....ဒီ တနယ်လုံး ရှိတော့မယ်မထင်ဘူး....ကဲ သွားကြစို့ "

“ ကိုကံထူး ”

“ ဟင် ”

“ ကျုပ်အခုမှ သတိရတယ်ဗျာ....ဘုရားငါးဆူမှာ ဝင်စရာကိစ္စလေးရှိတာ ဝင်လိုက်အုံးမယ် ”

“ အင်း....သွားလေ....ကျုပ်ကတော့ဈေးဆက်သွားမလို့မစောင့်တော့ဘူး....ဈေးကွဲသွားရင်ဝယ်လို့မကောင်းတော့ဘူးဗျာ ဥပုသ်နေ့ ဘုန်းဘုန်းကျောင်းအတွက် ပစ္စည်းစုံစုံလေး ဝယ်ချင်လို့ ”

“ ဒီလိုဆိုလည်း ဈေးကစောင့်....ဈေးထိပ်ခေါက်ဆွဲဆိုင်ကစောင့် ”

“ ဟုတ်ပြီ ”

“ အင်း....သွားမယ် ”

“ ကောင်းပြီ ”

“ ဟား....ဟား....ကိုမောင်ကြီး တူပါတယ်လို့ကြည့်နေတာ....ဘာလဲ ဈေးလာဝယ်တာလား ”

“ ဟာ....ဟုတ်တယ် သန်ဘက်ခါ ကဆုန်လပြည့် ဗုဒ္ဓနေ့ ဥပုသ်စောင့်ရင်းနဲ့ ဘုန်းကြီးကျောင်းအတွက် လာဝယ်တာ ကဲ.... ကဲ လူစုံတုန်းလေး ဝိုင်းဖွဲ့လိုက်ရအောင် ”

“ ဟုတ်တာပေါ့....နေမွန်းတည့်တုန်း ”

“ ကဲ....ဈေးဘာတွေ ဝယ်ပြီးပြီလဲ ”

“ ဘာမှမဝယ်ရသေးဘူး....အခုမှထွက်လာတာ ”

“ အဲဒါဆို နောက်မှဝယ်....နောက်မှဝယ်....အခု ငယ်သူငယ်ချင်းတွေပြန်ဆုံတုန်း.... ”

“ ဟ....မကောင်းဘူးထင်တယ်....အခုလောလောဆယ် မသောက်ချင်သေးဘူး....သူကြီးနဲ့လည်းချိန်းထားသေးတယ် ဟို ခေါက်ဆွဲဆိုင်ရှေ့မှာ မတော်လွဲနေမှာစိုးလို့....ဟင်း နောက်မှဘဲ ”

“ ကိုရင်သာထွန်းမဟုတ်လား....ကိုရင်သာထွန်း....ငါက ကိုရင့်ကိုနက်ကလဲဈေးထဲမှာ ဘယ်လိုဖြစ်ဖြစ်ရှာလို့တွေ့အောင် ရှာနိုင်တယ် ”

“ ဟုတ်တယ်....ရှာနိုင်တယ် ရှာနိုင်တယ် ”

“ လာခေါက်ဆွဲဆိုင်နားမှာမဟုတ်လား ချိန်းထားတာ ....အဲဒီ ဘေးနားကဆိုင်မှာ စတဲချမယ်....စကားပြောရင် အာလေး ဘာလေး ရှာလေး ထွက်သွားအောင်....လာ ....လာ....လာစမ်းပါ ”

“ သောက်လို့မဖြစ်ဘူး ကျုပ်ပြန်ရမယ့် ခရီးကရှိသေးတယ်....အဝေးကြီးရယ် ”

“ ဘာဖြစ်တာလဲ ကိုကံထူးရ....ခင်ဗျားမငြင်းစဖူး ငြင်းနေတာ ကျုပ်တို့လိုလေူတွေနဲ့တွေ့လို့မှ ခင်ဗျားမသောက်ဘူး ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့ ”

“ ကဲ နည်းနည်းတော့သောက်မယ်....များလို့တော့မဖြစ်ဘူး ”

“ နည်းနည်းသောက်သောက် များများသောက်သောက် ကြိုက်သလောက်သောက်သောက် ”

“ အား...ကောင်းလိုက်တဲ့ ကောက်ညှင်းအရက်ဗျာ ”

“ နည်းနည်းချအုံး ”

“ ချဗျာ....မထူးတော့ပါဘူး ”

“ မြေပဲလေးလဲစား....အစာစားမှ ”

“ သူကြီးက အခုချိန်ထိ ရောက်မလာဘူးဗျာ ”

“ ခွေးမသား သူကြီးရ ဒီမှာလာပါဆို….”

“ သူကြီးကိုစိတ်မပူနဲ့ဗျာ….သောက်….သောက် ”

“ တော်ပြီ….တော်ပြီဗျာ….ကျုပ်ပြန်တာနောက်ကျလို့သားက စိတ်ပူနေမယ်ဗျာ….ကျုပ်ကို စောစောပြန်ခဲ့ဘို့ သားကမှာလိုက်တာ ”

“ ခင်ဗျားပြန်ဘို့ ဟန်မပြင်နဲ့ နေစမ်းပါအုံး ”

“ မိတ်ဆွေတွေနဲ့ သောက်စားနေတုန်းမှာ သားကိုသတိရတဲ့အဘ ကျုပ် ဒီတခါဘဲတွေ့ဘူးတယ် ”

“ ဟုတ်တယ်….ကျုပ်က သားကိုပိုချစ်တယ် ”

“ ဒီမှာ ….နက်ကလဲနဲ့ ကံကြီးကုန်း ဘယ်လောက်ဝေးမှတ်လို့ ဒါလေးတော့ကုန်အောင်ချ ”

“ သောက်ရအုံးမှာလား ”

“ ခင်ဗျားတို့ကကျုပ်ကို အနိုင်ကျင့်တယ်ဗျာ….ကဲကွာ….ဒါသောက်ပြီးရင်တော့ပြန်မယ်နော်….အောင်မယ်လေး နောက်ဆုံး တခွက်ကတော့ထိတယ်ဗျာ….ခေါင်းထဲကို ပူသွားတာဘဲ ”

“ ထိရမယ် ထိရမယ်….ပြန် ပြန် သွားတော့….သွားတော့….သွားတော့ ”

“ အိမ်ပြန်နောက်ကျလို့ ကြိမ်လုံးနဲ့ဆော်နေအုံးမယ် ….ကျုပ်သားကရိုက်နေအုံးမယ်….ကျုပ်ကြောက်တယ် ”

“ ဟား….ဟား….ဟား….ဟင်း….ဟင်း….ဟင်း….ဟိတ်….ဟား….ဟား သရဲခြောက်တယ်….အောင်မလေး သရဲခြောက်တယ် တိုက်မောင်းရေ….တိုက်မောင်း….တိုက်မောင်း….တိုက်မောင်း ”

“ အဘ ဘာဖြစ်တာတုန်း ”

“ ငါအိမ်ပေါ်တက်မယ်….ငါအိမ်ပေါ်တက်မယ်….ငါအိမ်ပေါ်တက်မယ် ”

“ အဘ ဘာဖြစ်တာလဲ….အဘကို ကျွန်တော်မိုးချုပ်လို့ စိတ်ပူနေတာ ”

“ အစိမ်းသေခြောက်လှတ်လိုက်တာ….အစိမ်းသေခြောက်လှတ်လိုက်တာ….ပန်းနွယ်ငါ့ကို သရဲခြောက်လှတ်လိုက်တာ ငါ့မျက်စိနဲ့တတ်အပ်မြင်လိုက်တာ….ပန်းနွယ်သရဲခြောက်နေပြီ….ငါအရက်ဘဲသောက်ချင်တယ်….ငါ့ကိုပန်းနွယ်ကမောင်တော်ဘုရား….မောင်တော်ဘုရားလို့….ငါ့ကိုအတန်တန်ခေါ်နေတယ်….ပန်းနွယ်နဲ့ကိုပညာနဲ့ငါ့ကိုခြောက်လှတ်လိုက်တော….သူကအစိမ်းသေတဲ့ကွ….အစိမ်းသေ….သူ့အသတ်ခံရတာ….ကိုပညာမင်းတို့ကိုငါဘာလုပ်လို့လဲ….မင်းတို့ငါ့ကို မနှောင့်ယှက်ကြပါနဲ့ကွာ….တိုက်မောင်း မင်းမသိဘူး….ပန်းနွယ်ကိုလည်းငါသိပ်ချစ်တာ ….ကိုပညာနဲ့ညားသွားတာ ငါဘာမှမနှောင့်ယှက်ဘူး….ညောင်မိစ္ဆာကြီးကိုလည်း ငါမနှောင့်ယှက်ပါဘူး….တိုက်မောင်း….ငါကြောက်တယ်….ငါကြောက်တယ်ကွာ ”

“ ဒီပုတီးလေးစိတ်လိုက်….ဒီပုတီးလေးစိပ်ပြီး အိပ်ပျော်အောင်အိပ်လိုက် ”

“ ဘုရား….ဘုရား….ဘုရား….ငါ့နားမှာနေနော် ”

“ ရှိမြင့်….အဘနိုးလာမှဘဲ ထမင်းကျွေးလိုက်တော့….ငါ ခင်ဖြူဆီခဏသွားလိုက်အုံးမယ် ”

“ ဒီအချိန်ကြီးကျမှ ရည်းစားဆီသွားအုံးမလို့လား ”

“ ခဏလေးပါ….ငါချိန်းထားလို့ ….အဘ မလာသေးလို့ ငါစောင့်နေတာ….အဘမြင်းလည်း ငါရှာရအုံးမယ်…. အဘကို ဂရုစိုက်နော် ”

“ အေးပါ….မြန်မြန် ပြန်ခဲ့နော် ”

" ဟား....ဟား....ဟား....ဟား ဟင် အဲဒါနဲ့ အဘကိုအရက်ထပ်တိုက်ပြီး ချော့တိတ်ခဲ့ရတယ်ဆိုပါတော့ "

" ဒါပေါ့ ဦးကြီးရဲ့....အဘကသရဲကြောက်ပြီးတော့သွေးပျက်လာတာ....အလကားပါ....မူးမူးနဲ့ ကရောင်ခြောက်ချား ဖြစ်လာတာနေမှာပေါ့ "

" အင်း....မင်းကလဲ ဒီအဘတယောက်ကို ကလေးလိုထိန်းနေရပါလားကွာ "

" အရက်ကြိုက်တတ်တာကလွဲလို့ ကျုပ်အဘက သူတော်ကောင်းကြီးပါ ဦးကြီးရဲ့ "

" ဟုတ်ပါတယ်....မင်းအဘက လူကောင်းကြီးပါ....အရက်ကြိုက်တတ်တာတော့ ဘာဆန်းမလဲကွာ....တို့များလဲ အရက်ကြိုက်တတ်တာဘဲ....ဒီနယ်မှာ အရက်မကြိုက်တတ်တဲ့ယောကျ်ား ဘယ်သူရှိမလဲ ....ပြောစမ်း "

" အောင်မယ်....အဘကလဲသိမ်းကြုံးမပြောပါနဲ့နော်....တိုက်မောင်းတယောက်လုံးရှိပါသေးတယ်....သူက အရက်ဆိုလျှာဖျား တောင် တင်တာမဟုတ်ဘူး "

" သြော်....ငါ့သမီးက တိုက်မောင်းဘက်ကလိုက်ပြီးတော့ ငါ့တောင်ခံပြောနေပြီပေါ့ "

" အဘကလည်း ဟုတ်တာပြောတာ တိုက်မောင်းက အရက်မသောက်တတ်ဘူးလေ....ဒါပေမယ့် အကောင်ပလောင်တွေ သတ်တာ ဖြတ်တာ ဘဲရှိတယ်....ကျုပ်ကဒါမျိုး မကြိုက်ပေါင် "

" ဟောဗျာ ဖြူဖြူအသံလေး နားထောင်ရမလားအောက်မေ့တယ်....အဆူခံနေရပြီ ဦးကြီးရ "

" သမီး....ယောကျ်ားဆိုတာ တခုခုတော့မကောင်းတာလုပ်ရတယ်ဗျ....ဦးလေးဦးကံထူးဆို အရက်ကြိုက်တတ်တာက လွဲလို့ ဘုရားတရားဆို အရမ်းကြည်ညိုတာ "

" ဟုတ်ပါ့ဗျာ....ငါတို့ရွာမှာ ဘုရားရှိခိုးရင် အရှည်ဆုံးရွတ်နေတာ သူတယောက်ဘဲရှိတယ် "

" ဦးကြီးသူငယ်ချင်းက ဘုရားလည်းရှိခိုးပါရဲ့....ဥပုသ်လည်းစောင့်ပါရဲ့....တစ္ဆေသူရဲတော့ကြောက်လိုက်တာ လွန်ပါရော .... ဟင်း....နတ်ထိန်းဖိုးခပြောတဲ့ ညောင်မိစ္ဆာ အကြောင်းဆို သူ့မှာ ယုံလိုက်ရတာ "

" အေး....အေး....အေးအေး ဆေးဆေး စကားပြောကြအုံး....ငါခဏသွားမေးလိုက်အုံးမယ်.... သြော် တိုက်မောင်းရေ တို့ လကွယ်ရက်ကျရင် အရှေ့ဘက်တောကို သွားကြမယ် "

" ဟာ....ကောင်းတာပေါ့လေးလေး "

" ကဲ....ဘာလဲ သူတို့က အမဲပစ်ထွက်ကြမယ်ပေါ့ "

" ကဲ....အဲဒါတွေ ထားလိုက်စမ်းပါခင်ဖြူရာ....သမီးရည်းစားဆိုတာ တွေ့တဲ့အချိန်မှာ ချစ်တဲ့အကြောင်းဘဲ ပြောရတယ် "

" သွားစမ်းပါ....သူ့ပြောလိုက် ဒါဘဲ "

" သြော် ဒါပြောဘို့ လာတဲ့ဥစ္စာဘဲ "

" ဟာ....အဘ ဘာဖြစ်နေတာလဲ "

" ဘာမှတော့ မဖြစ်ဘူးပေါ့ကွာ....ဒီခွေးဟာ အဘက အပေါ့သွားမလို့အောက်ဆင်းတာ ....လှေခါးပေါ်မှာ အိပ်နေတာ မသိဘူးပေါ့ကွာ....သူ့လည်ပင်းပေါ်တက်နင်းမတာ လန့်ပြီးခဲလိုက်တာ "

" ဖြစ်မှ ဖြစ်ရလေအဘရယ်...သိပ်များသွားလား....ကျုပ်လုပ်ပေးမယ်....နာလား "

" သိပ်မနာပါဘူးကွာ....ဒီကောင်လည်း သူစိမ်းထင်ပြီးတော့ လှမ်းခဲလိုက်တာပါကွာ "

" ဗုဒ္ဓမြတ်စွာဘုရားကိုရှိခိုးပါ၏.... အာမဘာန္တေပါဘုရား....

ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ….သတ္တဝါ၏ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ မြတ်စွာဘုရား။

အဒိန္နာဒါနာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ….သူတပါးပစ္စည်းကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏ မြတ်စွာဘုရား။

ကာမေသုမိစ္ဆာစာရာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ….

မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ….

“ ဟိတ်….ကိုကံထူး ခြေထောက်တဘက်က ဘာဖြစ်တာလဲ ”

“ ခွေး….ခွေး ကိုက်လို့ အိမ်ကငဖြူ အိပ်ပျော်နေတုန်း သွားတက်နင်းမိလို့ ”

“ ဟုတ်လား….ခွေးကိုက်တာတော့ပေါ့မနေနဲ့ ဆရာတော်ကိုပင့်ပြီး မန်းခိုင်းသိလား ”

“ ကိုကံထူး ခြေထောက်က ဘာဖြစ်တာတုန်း ”

“ ဖြစ်မှဖြစ်ရလေဘဲ….အတော်ဆိုးတဲ့ခွေးဘဲ….ကိုယ့် သခင်ကိုယ်ပြန်ကိုက်ရတယ်လို့အေ….ခွေးဆိုတာ အသိတရားမှ မရှိဘဲ တိရိစ္ဆာန်ဆိုတာကလဲ….”

“ အဘ ခြေထောက်ခွေးကိုက်ခံရတယ်ဆို ဘယ့်နှယ်နေသေးလဲ ”

“ သက်သာသွားပါပြီကွယ် ”

“ ငဖြူကလဲလေ သခင်မှန်း သူစိမ်းမှန်း မသိဘူးလား….အရမ်းများလားဟင် ”

“ မများပါဘူး ”

“ ခင်ဖြူဘာလုပ်ပေးရမလဲ ”

“ နေပါစေ….မများပါဘူး ”

“ ဘုန်းကြီးဆီသွားလိုက်အုံးမယ် ”

“ ဘုရားရှင် ကိုယ်တော်တိုင်ဟောတော်မူခဲ့တာ….သူတပါး သားပျို သမီးပျိုကို ဖျက်ဆီးလို့ ငရဲမှာ အနှစ်နှစ်သောင်း ဆိုလား နှစ်သိန်းဆိုလား ခံရတာတဲ့ဗျ….ငရဲအိုး နှုတ်ခမ်းဝကနေ အပေါ်တက်လာပြီး မြေကြီးပေါ်အရောက်မှာ ဒုတ်ဆိုတဲ့ အသံနက်ကြီး တလုံးဘဲအော်နိုင်တယ်….ပြီးတော့ မြေကြီးမှာပြန်မြုပ်သွားတာ ဝဋ်ကြွေးဆိုတာဘုရားရှင်ကိုယ်တော်မြတ်ကြီး တောင် မရှောင်နိုင်ဘူး ”

“ ဒေဝဒတ်တွန်းချတဲ့ကျောက်တုံးကြီးဟာ ကျောက်စလေးတစပဲ့ပြီး ခြေဖမိုးပေါ်မှာ ဒဏ်ရာရတာကြည့်ပါလား ”

“ အင်း….အကုသိုလ်များ တယ်ကြောက်စရာကောင်းတာကို ”

“ ဒကာကြီး သီလပေးတော့မယ်….ကျောင်းပေါ်တက်လေ….ခြေထောက်က ဘယ်လိုဖြစ်တာလဲ ”

“ ခွေးကိုက်လို့ပါဘုရား ”

“ ကိုက်တဲ့ခွေးကို မေတ္တာပို့ပေးတာ အဲဒါ….အကောင်းဆုံးဆေးဘဲ….ဘုန်းကြီးလည်း ဆီမန်းမန်းပေးမယ် ”

“ တင်ပါ့ဘုရား ”

“ မေတ္တာပို့တာကတော့ အထိရောက်ဆုံးဘဲ….မေတ္တာဆိုတာ အင်မတန်မှ ဖြူစင်တာပါ….ရာဂမပါဘူး….ဟုတ်လား ဒကာ ကြီး ”

“ မှန်ပါ့ဘုရား ”

“ အခုလို ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ သီတင်းသီလတည်ဆောက်ပြီး ဝိပဿနာတရားအားမထုတ်နိုင်တဲ့သူများကို မေတ္တာဘာဝနာပွားကြဘို့ ဘုန်းကြီးတို့ကတရားဟောပေးရတယ် ဒကာကြီးရဲ့….ဒကာကြီးလည်းရတနာသုံးပါးမြဲတဲ့သူဘဲ…. ဒါတွေသိပြီးမှာပါ ဟိုနေ့ကျရင် တရားထုတ်နာဖို့ ကြွခဲ့အုံးမယ် ”

“ တင်ပါ့ဘုရား ”

“ ကျုပ်အဘတယောက်နဲ့ တွေ့သေးလား ”

“ စောစောကလေးတင် ဆရာတော်ဘုရားနဲ့ လှေခါးရင်းမှာ စကားပြောနေတာတွေ့သေးတယ်....ဘာဖြစ်လို့လဲ ”

“ ဘာမှမဖြစ်ပါဘူး ”

“ ဟာ....ရွာလိုက်ရတာအဘရာ တကျောင်းလုံးနံ့နေတာဘဲ....ဘာလို့ပြန်လာတာလဲဟင်....အဘနေမကောင်းဘူးလား.... ခွေးကိုက်ခံရတဲ့ဒဏ်ရာက ပြန်နာလို့လားဟင် ”

“ ကိုယ်နည်းနည်း ရှိန်သလိုဖြစ်နေတယ် ”

“ အနာကြောင့်နဲ့တူတယ်....အဘ ဒီမှာခဏလေးထိုင်နေနော် ”

“ အား ”

“ အရမ်းနာနေလားအဘ....ဒဏ်ရာကို ရေနွေးနဲ့အရင်ဆေးလိုက်မယ်နော် အဘ ”

“ အင်း ”

“ ဒီခွေးတော့အိမ်မှာ မနေချင်တော့ဘူးနဲ့တူတယ်....တောထဲ သွားလွှင့်ပစ်ရင်ကောင်းမယ် ”

“ နေပါစေကွာ....သူ့ခမျာ သူစိမ်းထင်ပြီးလှမ်းခဲလိုက်တာပါ ”

“ အား....ရပြီ....ရပြီ ”

“ အဘလည်းအိပ်ရာထဲ သွားလှဲနေလိုက်တော့မယ်....ပတ်တီးမပတ်ပါနဲ့တော့ကွာ ”

“ အဘ မန်းဆေးလေးသောက်သွားအုံးလေ ”

” အေး....အေး...ပေးပေး ”

“ ဟာ....ကျကုန်ပြီ အဘဘာဖြစ်နေတာလဲ ”

“ နောက်မှဘဲသောက်တော့မယ်....မင်းဘုန်းကြီးကျောင်း ပြန်မသွားဘူးလား ”

“ မသွားတော့ပါဘူး....အဘမှ နေမကောင်းတာ....အိမ်မှာဘဲနေတော့မယ် ”

“ နေဆိုလည်းပြီးတာဘဲ....အဘအိပ်ရာထဲလှဲနေမယ် ”

“ အား....ရတယ်....ရတယ် ”

“ မောင်တော်ဘုရားရေ...ဟီး....ဟီး....ဟား....ဟား....ဟား....မောင်တော်ဘုရားပါလား....မောင်တော်ဘုရား လာပြီဖျို့ ”

“ ဟဲ့....ရီမြင့် ငါ့ခါးမြှောင်တွေ့မိလား ”

“ အကို ဘယ်မှာထားလို့လဲ ”

“ အိပ်ရာဝင်တုန်းက အိပ်ရာဘေးမှာ ထားထားတာဘဲ....ခါးမြှောင်မရှိရင်မနေတတ်ဘူး....ရီမြင့် အဘအိပ်ရာ မနိုးသေးဘူး ဖြည်းဖြည်းလုပ် ”

“ ငါနိုးနေပါပြီ တိုက်မောင်း....ဘာတွေဖြစ်နေတာလဲ ”

“ အကို ခါးမြှောင်ပျောက်တာ ရှာပေးမလို့ ”

“ ကျုပ်ခါးမြှောင်ပျောက်သွားလို့ မနေ့ည ခေါင်းရင်းမှာထားထားတာ....ဒီမနက်မရှိတော့ဘူး ”

“ သေချာရှာကြည့်ပါအုံးကွ....လမ်းတနေရာရာများကျခဲ့သလား ”

“ မကျပါဘူးအဘရာ....ကျုပ်ဓါးမြှောင်ကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူး....ညအိပ်ရာဝင်တော့ ခေါင်းရင်းမှာ သေချာထားတာ....အခု မနက်ကျတော့ ရှိတော့ဘူး ”

“ မင်း....ဟို ခင်ဖြူတို့အိမ်သွားရင်းနဲ့များ ကျန်ခဲ့သလား ”

“ မကျန်ခဲ့ပါဘူး အဘရာ ”

“ ဟာ....သူကြီး စောစောစီးစီးပါလား....ဘာကိစ္စလဲ ”

“ မင်းဟာ မုဆိုးကောင်းမပီသဘူးကွာ ”

“ ဟ....ဘာဖြစ်လို့လဲ သူကြီးရ ”

“ ဘာဖြစ်ရမလဲ....ဟောဒီမှာကြည့် ”

“ ဟာ....ဒီဓါးမြှောင် ဘယ်ကရလဲသူကြီး ”

“ ဘယ်က ရရမှာလဲ....ရွှေမှုံတို့အိမ်ခြံဝင်းနားက ကောက်ရတာ....မုဆိုးဆိုတာ ကိုယ်ကိုင်တဲ့လက်နက် ကိုယ်ကျကျန်ခဲ့ရင် အဲတာ မုဆိုးကောင်း မပီသဘူး ”

“ ခဏလေး....ခဏလေး....ရွှေမှုံတို့ခြံဝကတွေ့ခဲ့တာ ငါညကခေါင်းရင်းမှာ သေချာထားတာ ဘယ်လိုလုပ် ရွှေမှုန်တို့ခြံဝ ရောက်သွားရတာလဲ ”

“ အဲဒီညက ခင်ဖြူ့ဆီက ပြန်လာရင်းကျကျန်ခဲ့တာနေမှာပေါ့....အကိုညကစိတ်စွဲပြီး ခါတိုင်းလို ခေါင်းရင်းမှာ ထားတယ်လို့ ထင်နေမှာပေါ့ ”

“ အင်း....ဟုတ်တယ် ”

“ အဘ မျက်နှာမသစ်တော့ဘူးလား ”

“ ငါသစ်ပြီးပြီမဟုတ်လား ”

“ အဘကလည်း အခုမှအိပ်ရာထတာ ”

“ မင်းစကားပြောတာ သတိထားပြောပါတိုက်မောင်းရာ နာနာဘာဝ ဝိနာဘာဝတွေဆိုတာ ငါတို့လူတွေမမြင်နိုင်တဲ့ တန်ခိုး သူတို့ဆီမှာရှိတယ်....မင်းမယုံရင်နေကွာ စော်ကားမော်ကားတော့ မလုပ်ပါနဲ့ ”

“ ဦးလေးတို့ အဲဒါကြောင့်ခက်တာပေါ့....ဦးလေးတို့လူကြီးတွေက တစ္ဆေသူရဲကိုလိုက်ယုံတော့ တစ်ရွာလုံးက ယုံကုန်ကြပြီ အခုဆိုရင် အဲဒီညောင်မိစ္ဆာကို တရွာလုံးက ကြောက်နေကြပြီ ”

“ မင်း....အဲဒီလိုတော့မပြောနဲ့....အခုပြောတဲ့ အဲဒီညောင်မစ္ဆာကို မကြောက်တဲ့လူနှစ်ယောက်ရှိပါတယ် ”

“ သြော်....ဟား ဟား ဟုတ်တာပေါ့ ”

“ သူကြီးနဲ့ကျုပ်နဲ့မအကြောက်ဘူး ”

“ မင်းတို့မကြောက်လည်းနေပါကွာ....ကိုယ့်ဘာသာကိုယ်နေပါ....မဟုတ်တာတွေတော့ မလုပ်ကြပါနဲ့ ”

“ ဦးဘိုးရှိန်....ကျုပ်က နတ်ထိန်းဖိုးခဆိုတာကို ဖမ်းပြီး ထိပ်တုံးခတ်ပစ်ချင်တာ ”

“ အလကားဗျာ....လူတွေကို မကြောက်ကြောက်အောင် ချောက်နေတာ....သူကြီးက နတ်ထိန်းဖိုးခကိုဖမ်း....ကျုပ်က ညောင်မိစ္ဆာကို စောင့်ပြီးဖမ်းမယ်ဗျာ ”

“ ဒီနှစ်ယောက်နဲ့တော့ခက်နေပြီ....မင်းတို့နဲ့ငါ စကားဆက်မပြောရဲတော့ဘူး....မင်းတို့စော်ကား မော်ကားလုပ်တာနဲ့ ငါပါ ကျိန်စာသင့်နေအုံးမယ်....မဖြစ်ဘူး မဖြစ်ဘူး....သွားမယ်ကွာ သွားမယ် ”

“ လမ်းသွားရင်ကြည့်သွားအုံးနော်....ညောင်မိစ္ဆာနဲ့တိုးနေအုံးမယ် ”

“ အဘ မအိပ်သေးဘူးလား....ကျုပ်ကအိပ်နေပြီတောင်ထင်တာ ”

“ ဟာ....ကိုကံထူး အခုတလော ခင်ဗျားကြည့်ရတာ တမျိုးဘဲ....နေမကောင်းဘူးလား ”

“ ဟာ....ကောင်းပါတယ်ဗျာ....ညဥ့်နက်ညဥ့်နက် အိပ်မပျော်တာလေးပါဘဲ ”

“ အဘ....ကျုပ်နှိပ်ပေးမယ်လေ ”

“ ရပါတယ်....ရပါတယ်....သားရယ်....အဘမညောင်းပါဘူး တိုက်မောင်း ”

“ တိုက်မောင်း....မင်းအဘကို ဂရုစိုက်နော်....မင်းတို့သားအဖအပေးအယူ စိတ်ကြည်ဖြူနဲ့နေရစ်ကြအုံးနော်....ညဥ့်နက်ပြီ ငါပြန်မယ် ”

“ ဟယ်....မောင်တော်....အ ဟား...ဟား....ဟား ”

“ အကို ဘယ်လျှောက်သွားနေတာလဲ....အဘတောင်မေးနေတယ် ”

“ အဘနဲ့အအကိုရေ ထမင်းကြော်စားလို့ရပြီ ”

“ နင့်အကိုကို ခေါ်အုံးလေ ”

“ ခေါ်ထားပါတယ် အဘရဲ့ ”

“ အကိုရေ ဒီမှာလေ ထမင်းကြော်စားရအောင် ”

“ ငါမဆာဘူး ”

“ ဘာဖြစ်လို့လဲတိုက်မောင်း....သားနေမကောင်းဘူးလား....လာလေကွာအကြော်စားရအောင်....ဟာကွာ အဘခေါ်နေတာပါကွ....လာပါကွာ....စားပါကွာ ”

“ ဒီနှစ်ကိုကံထူး ပြောင်းပင်တွေမအောင်ပါလား ”

“ ကျုပ်လည်း လုပ်တာဘဲဗျာ....ဒီနှစ်ဘယ်လိုဖြစ်ကုန်တယ် မသိပါဘူး ”

“ ဟိုရှေးတုန်းကတော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ဘုရင်တွေ မင်းကျင့်ဆယ်ပါးနဲ့မညီလို့ရှိရင် ရာသီဥတု ဖောက်ပြန်တယ်လို့ကြားဘူးတယ် ”

“ လူတွေရဲ့ကိုယ်ကျင့်တရားဖောက်ပြန်ရင်လည်း ကောက်ပဲသီးနှံတွေ မဖြစ်ထွန်းဘူး ”

“ ကိုယ်ကျင့်တရားဆိုတာကတော့ငါးပါးသီလပေါ့ ပါဏာတိပါတာ သူ့အသက်ကိုသတ်ခြင်း အဒိန္နာဒါနာ သူများဥစ္စာကိုခိုးယူခြင်း ကာမေသုမိစ္ဆာစာရာ သူများသားမယား သားပျိုသမီးပျိုကို ဖျက်စီးခြင်း အား....ဟား...ဟား...ဟ ကိုကံထူး ဘာဖြစ်လို့လဲ ”

“ ဘာမှမဖြစ်ပါဘူး ”

“ မုသာဝါဒါ လိမ်လည်ပြာဆိုခြင်း သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ အရက်သေစာ သောက်စားမူးယစ်ခြင်း....အဲဒီသီလတွေကို မစောင့်ထိန်းနိုင်လို့ရှိရင်ကိုယ်စောင့်နတ်ကမကြိုက်ဘူး....ဘာမှမစောင့်ထိန်းတော့ဘူး....အဲဒီအချိန်မှာ နတ်ဆိုးတွေဝင်ပြီး နှောင့်ယှက် တော့တာဘဲ....နတ်ဆိုးတွေ ကျိန်စာသင့်ပြီဆိုရင်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့ ”

“ ဦးဘိုးရှိန်က ရှည်ဝေးလိုက်တာ လာပြန်ပြီ ဒီနတ်ဆိုးတွေ ”

“ ဦးဘိုးရှိန်ပြောသလို ဆိုလို့ရှိရင် ကိုကံထူးရဲ့ ပြောင်းဖူးခင်းတွေ မအောင်မြင်တာ နတ်ဆိုးတွေက ကြိမ်စာတိုက်လို့ပေါ့.... အဲဒါမှ မဟုတ်ရင် ကိုကံထူးရဲ့ကိုယ်စောင့်နတ်တွေ ထွက်ပြေးသွားလို့ ကိုကံထူးကြီးဟာ ငါးပါးသီလ မလုံလို့ဟုတ်လား ”

“ ဟာ....ကျုပ်.....လူကြီးကို ဒီလိုမပြောရက်ပါဘူးဗျာ အခုဟာက သူ့ယာတစ်ခုထဲမှ မဟုတ်ဘဲ ကျန်တဲ့ယာတွေလည်း ကောင်းမှမကောင်းဘဲ ”

“ ဒီနှစ်မိုးမကောင်းလို့ ကျုပ်တို့တရွာလုံးက ယာတွေဟာ အားလုံးမကောင်းဖြစ်ကုန်ကြတာပေါ့ ”

“ ဒီမှာ ကိုကံထူး ယာတော့အဆိုးဆုံးဘဲ….အားလုံးထက်ဆိုးတယ် ”

“ ဟုတ်လား ”

“ ဘာဖြစ်လို့လဲ ”

“ ပိုးမိုင်းကျလို့ဖြစ်မှာပေါ့ ”

“ ဦးဘိုးရှိန်ပြောသလိုဖြစ်မယ် မထင်ပါဘူး…..ကျုပ်တို့ဦးကံထူးကြီးဟာ ဘုရားတရားမြဲတယ်…. ငါးပါးသီလလည်းမြဲ အို ဦးဘိုးရှိန်ပြောသလိုတော့ ဟုတ်မယ်မထင်ပါဘူး ”

“ ဟဲ့….ကြားပြီးပြီလား ”

“ ကြားပြီးပါပြီ….ကြားပြီးပါပြီ….ဒါမျိုးဆိုကျုပ်တို့က ဘယ်နောက်ကျလိမ့်မလဲ ”

“ ဘာတွေသတင်းထူးလို့လဲ ပြောကြပါအုံး ”

“ လုပ်ပြီ သူဘဲသိချင်တာ နံ့နံ့တက်နေတာ….သူဘဲအမြဲနောက်ကျတယ်….ကဲ မဖြူ ပြောပြလိုက်စမ်းပါ ”

“ ဒီနှစ်ငါတို့လယ်တော မိုးဦးခေါင်လို့ သီးနှံတွေ ပြုန်းကုန်ကြပါလား ”

“ အေးလေ….ဒီနှစ်ယာခင်းတွေ အောင်မှမအောင်ဘဲနဲ့….အဲဒါ ဘာဖြစ်လို့လဲ ”

“ ဘာဖြစ်ရမှာလဲ ဒီနှစ်မိုးဦးခေါင်တာ ဘာကြောင့်လဲသိလား ”

“ ဘာကြောင့်လဲဟင် ”

“ ငန်းဥ….ငါတို့ရွှေမှုန်လေး ငန်းဥတဲ့ ”

“ ထိုင်….မိသင်း နင့်ကိုငါလူစုံတက်စုံရှေ့မှ ထပ်မေးမယ် နင်မြင်ခဲ့တဲ့အတိုင်းပြောကြားလား….နို့ မဟုတ်ရင်တော့ နင့်ကိုငါ ထိပ်တုံးခတ်ပစ်မယ် ”

“ အို….သူကြီးကလည်း ကျုပ်က မဟုတ်တာတော့ ပြောပါ့မလားတော့ ”

“ ကဲ ဒါဖြင့်ပြောစမ်း ”

“ ကျုပ်ကျိန်ဆိုရင်ကျိန်ပြောရဲပါတယ်တော်….ရွှေမှုံကို ထမင်းသွားပို့တယ်ဆိုတာ တရွာလုံးအသိဘဲ….အစတုန်း ကတော့ ကျုပ်လည်း သတိမထားမိပါဘူး…အခုနောက်ပိုင်းကျမှ…. ”

“ ဟာ….ရှာရှည်မနေစမ်းပါနဲ့ မိသင်းရာ တိုတိုနဲ့ရှင်းရှင်းပြော ”

“ သူဝလာတယ်တော့….သူဝလာတာကြီးက ရိုးရိုးတန်းတန်းဝတာမျိုးမဟုတ်ဘူး….ဟို–ဟိုဒင်းလေ မရှိသေ့စကား ပြောရရင် ကိုယ်ဝန်ရှိလို့ ဝပုံမျိုးကြီး ”

“ ကြားလား….ကြားလား ”

“ မိသင်းပြောတာနဲ့မဆုံးဖြတ်နဲ့လေ….သေချာလည်းစစ်ဆေးပါအုံး ”

“ သာထွန်းပါကွာ….မတရား ဘယ်တော့မှ မဖြစ်စေရဘူး….သေချာအောင်လုပ်မှာပေါ့ကွ…. ရွှေမှုန်ဆီကိုသွားမယ်…. ရွာလူကြီးတွေလိုက်ခဲ့ကြပါ….မိန်းမတွေ လည်းလိုက်ခဲ့ရမယ် ”

“ ဒါမိန်းမကိစ္စ….သူကြီးက ဘာလုပ်မလို့လဲ ”

“ ဘာလုပ်ရမှာလဲကွ….ရှာထဲကဝမ်းဆွဲနဲ့စစ်မှာပေါ့ကွ ”

“ တောက်….တို့ရွာမှာ ငန်းဥပေါ်ရတယ်ကွာ ….ပြီးတော့ ရွှေမှုန်ဒီ စိတ်မနဲ့တဲ့ကလေးမမှ ရူးနေတဲ့ကောင်မလေးကိုမှ ယုတ်မာလိုက်ကြတာ ”

“ ဟိတ်….ဝမ်းဆွဲရောက်ပြီလားဟေ့ ”

“ အေး….ကြာတယ်….ရွှေမှုံဆီအခုသွားမယ် လိုက်ခဲ့ကြဟေ့ ”

" သူကြီးရွှေမှုံမှာ လောလောဆယ် ကိုယ်ဝန်သုံးလရှိနေပြီတော့ "

" ဒူ....ဒူ....ဒူ...."

" အားလုံးသိကြပြီးသားမို့ ကျုပ်ရှည်ရှည်ဝေးဝေးထပ်မပြောချင်တော့ဘူး....ရွှေမှုန်ရဲ့ကိုယ်ဝန်ကိစ္စ သိပ်ရှက်စရာကောင်းတယ်....ကျုပ် ကံကြီးကုန်းမှာ သူကြီးလုပ်လာတာ ဆယ်နှစ်ကျော်ပြီ....တခါမှ ဒီလိုယုတ်ယုတ်မာမာကိစ္စမပေါ်ဖူးဘူး "

" ငန်းဥရှိလို့မိုးဦးခေါင်ပြီးတနယ်လုံးယာခင်းတွ မကောင်းဘူးဖြစ်ကြတယ်....လိုင်တာလား....နက်ကလဲလား....မကြီးသူလားလို့ထင်ရတယ်....ဖြစ်မမယ့်ဖြစ်တော့ ကံကြီးကုန်း "

" ကျုပ်တို့တရွာလုံး အရှက်ကွဲရပြီပေါ့သူကြီးရာ "

" ကြားစတုန်းက ကျုပ်လုံးဝမယုံဘူး....အခုတော့ကွာ စိတ်မနှံ့တဲ့ကောင်မလေးကိုမှ....တောက် "

" သူကြီး....လုပ်စရာရှိတာ မြန်မြန်လုပ်ပါ "

" ကျုပ်တို့ရွာမှာ သူယုတ်မာတယောက်တော့ ရှိနေပြီဗျာ "

" ကျန်တဲ့လူတွေ မျက်နှာဘယ်လိုထားရမှန်းတောင်မသိဘူး "

" တရာခံကို အမြန်ဆုံးဖေါ်ထုတ်မှ ဖြစ်မယ် "

" ဖေါ်ထုတ်ဆို ရွှေမှုံတို့အိမ်ကို ကျုပ်တို့အမြန်ဆုံးသွားမှ ဖြစ်မယ် "

" ဟုတ်ဘူးလား ကိုကံထူး....အား...ဟ "

" သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေ ကျုပ်တခုပြောပါရစေ....ဒီကိစ္စကို သွေးပူပြီးအရမ်းမလုပ်ကြပါနဲ့....ဒေါသပါရင် မှားတတ် ပါတယ် "

" ဟ....သွေးပူနေတုန်းလုပ်မှကွ....သွေးအေးသွားတဲ့အထိ ဘယ်စောင့်နိုင်မလဲ တိုက်မောင်းရာ "

" ဟုတ်တယ် ကျုပ်တို့ တရက်ထက်တရက် မျက်နှာအပျက်မခံနိုင်ဘူး....ရှင်းစရာရှိရင် အမြန်ရှင်း....တရားခံအစစ်ကို ဖေါ် ထုတ်....အရေးယူအပြစ်ပေး....ဒါဘဲ "

" ဟုတ်ပါတယ်....ဟုတ်ပါတယ် "

" ကျုပ်တို့တရားခံကိုတော့ ဖေါ်ထုတ်ရမှာပေါ့ "

" ဒါပေမယ့်ဒေါသပါရင် မှားမှာ စိုးလို့ပါ "

" တိုက်မောင်း....ဒီလောက်ဒေါသထွက်စရာကောင်းတဲ့ကိစ္စ ဘာရှိသေးလဲကွာ....ဘာဒေါသရှေ့ထားရင်မှားမလဲ "

" မင်းဘာတွေလျှောက်ပြောနေတာလဲ "

" ဟင်....မှားတာက သူယုတ်မာကွ....သူယုတ်မာမှားလို့ ယုတ်မာလို့ ဒီကိစ္စဒီလိုဖြစ်ရတာ နင်သိလား "

" ကြာပါတယ်သူကြီးရာ လုပ်စရာရှိတာဆက်လုပ် "

" လုပ်စရာရှိတာ ဆက်လုပ်ဆို အခုလဲရွှေမှုန်ဆီသွားမယ် "

" ရွာလူကြီးတွေ အားလုံးစုံပါပြီ "

" မိသင်းပြောလို့ ဝမ်းဆွဲနဲ့စစ်ပြီးပြီ "

" ရွှေမှုံကို မမြင်မတွေ့ကြသေးတဲ့လူတွေ မြင်ကြတွေ့ကြရအောင် သက်သေဖြစ်အောင်လို့ အားလုံးကို ထင်ထင်ရှားရှား ကျုပ်လုပ်မယ်....ရွာထဲက ကာလသားတွေ လူပျိုတွေအားလုံးလိုက်ခဲ့ကြ "

" ငါပြောတာကြားလား....ဟဲ့ မိသင်း နင့်ခွေးတခြားခေါ်သွားစမ်း ကြိုးလွတ်သွားလို့ ခြေထောက်တွေ လျှောက်ကိုက်နေအုံးမယ် "

" ရွာထဲက ကာလသားတွေစုံတယ်မဟုတ်လားဟေ့ "

“ စုံပါတယ် ”

“ မိသင်း....”

“ ရှင် ”

“ ဒီနေ့တော့ နင့်ဘဲ အားကိုးရမှာဘဲ....ရွှေမှုံကိုချော့ပြီး သွားခေါ်ခဲ့ ”

“ ဟုတ်ကဲ့ ”

“ ကာလသားတွေက ဒီနေရာမှာတန်းစီကြ....အားလုံး....အားလုံးပြောတာ....လာကြ ”

“ တယောက်ဆီ....စီ ”

“ လာပါရွှေမှုံရဲ့ ဘာမှကြောက်စရာမလိုပါဘူး....ရွာထဲကလူတွေလေ ”

“ သေသေချာချာကြည့်ပါအုံး....တို့ရွာထဲကလူတွေလေ....ဘာမှကြောက်စရာမရှိပါဘူး ရွှေမှုံရယ်....လာပါ ”

“ ရွှေမှုန်သေသေချာချာကြည့်စမ်း....သူကြီးသာထွန်းလေ....မှတ်မိလား ”

“ ဟေ....ဟော့ ပျော်စရာကြီးဘဲ....သခင်မလေးဆီကိုအခစားဝင်ကြသလားမောင်မင်းတို့ သမီးလေး–.ဟင် ဘာဘဦးဘိုးရှိန်”

“ ဒီလူတွေကိုကြည့်စမ်း သမီးသိလား ”

“ ဟော့....မောင်တော်ဘုရားပါလား ဟား ဟား ဟား ဟော ဒီမှာလည်းမောင်တော်ဘုရားတယောက်....ဟော ဟိုမှာလည်း မောင်တော်ဘုရားတယောက် အားလုံးအားလုံးဟာ ရွှေမှုံရဲ့ မောင်တော်ဘုရားတွေကြီးပါလား ဟား ဟား ဟား ဟား ဒီမှာလည်း မောင်တော်ဘုရားတယောက် ဟော....ဒါလည်းအတူတူဘဲ ”

“ ဟား...ဟား....ဟား ”

“ ဟိတ်....တိတ်ကြစမ်း....ဒါရီစရာမဟုတ်ဘူး မိသင်း ရွှေမှုံကို အိမ်ပေါ်ခေါ်သွားတော့ ”

“ အို မောင်တော်ဘုရားတို့ရယ် ”

“ ဟား....ဟား....ဟား ”

“ ရွှေမှုံကိုတော့ ဆွဲထုတ်ခိုင်းဘို့ဆိုတာ ဘယ်လိုမှ မလွယ်တော့ပါဘူး ”

“ ဟုတ်တယ် ”

“ ကိုဘိုးရှိန်နဲ့ရွှေမှုံကိုတော့ ဘာမှအားကိုးလို့မရဘူး ”

“ ဒီနည်းနဲ့မရရင် နောက်တနည်းနဲ့ကြိုးစားရတော့မယ်....ဒီလူယုတ်မာကို ဖေါ်ထုတ်လို့မရမချင်း ကျုပ်မကျေနပ်နိုင်ဘူး.... မကျေနပ်နိုင်ဘူးဗျာ ”

“ အဘတော့မရှိဘူးဟ.... ယာထဲသွားတယ် ”

“ အဘလည်းအချိန်ရှိသ၍ ရွှေမှုံကိစ္စရှင်းမယ်ဆိုပြီး အလုပ်ကို ရှုပ်နေတာဘဲ ”

“ နင်ကော အဘနဲ့တွေ့ဘို့လာတာလားဟင် ”

“ မဟုတ်ဘူးဟာ မတွေ့တာကြာလို့ပါ ”

“ အေးဟာ....နင်လည်းခါတိုင်းလို ငါ့ဆီမလာတာကြာပြီ....နင်ကောအမဲထွက်ပစ်သေးလားဟင် ”

“ မထွက်ဖြစ်ပါဘူးဟာ ”

“ အေးဟာ ရွှေမှုံလေးကို ယုတ်မာသွားတဲ့လူ အမြန်ဖေါ်ထုတ်မှ ဖြစ်မယ်....တရွာလုံးကလည်း ဒီလူယုတ်မာကို ဝိုင်းပြီး ကျိန်ဆဲနေကြတာ ”

“ ဟုတ်ပါ့ဟယ်....တော်တော် ယုတ်မာတဲ့လူ.....ဒီစိတ်မနံ့တဲ့ကောင်မလေးကိုမှ....တော်တော်ပက်စက်ယုတ်မာတဲ့လူ မိရင် တော့လား....တစ်ရွာလုံးက ဓါးနဲ့ဝိုင်းပြီးခုတ်သတ်ပစ်မှာ ”

“ ခင်ဖြူ ”

“ ဘာလဲဟင် ”

“ ဘာမှ မဟုတ်ပါဘူးဟာ ”

“ နင့်ကြည့်ရတာတမျိုးဘဲ....အေးဟာ နင်ကဒီရွာမှာ သူကြီးရဲ့လက်ရုံးဆိုတော့လည်း ဒီပြဿနာမှာ နင်လည်း တာဝန်ရှိတာပေါ့....ဒီတရားခံကို မြန်မြန်ဖမ်းမိအောင်လုပ်စမ်းပါဟာ ”

“ ဟ....ပြန်တော့မလို့လား ”

“ ဟော့....တိုက်မောင်းရှိလားကွ ”

“ လာစမ်းတိုက်မောင်း....မင်း ဓါးမြှောင်ရှိလားကွ....ခဏပေးစမ်း....မင်းလာခဲ့....ခွေး–ခွေး မင်းဟာခွေးကျင့်ခွေးကြံ ကြံတဲ့ ကောင် ”

“ သူကြီးဘာဖြစ်တာလဲဗျ ”

“ အသိဉာဏ်မရှိတဲ့ကောင် ”

“ ကျုပ်ကိုရှင်းရှင်းပြော ”

“ အေး....မင်းဟာတလောကလုံးမှာ အယုတ်မာဆုံးကောင် ခွေးထက်မိုက်တဲ့ကောင် ”

“ ဒီမယ်သူကြီး....ကျုပ်ကို အဲဒီလိုမပြောနဲ့ မစွပ်စွဲနဲ့ ကျုပ်မကြိုက်ဘူး....ဘာကိစ္စလဲ ပြောအုန်းဗျာ ပြောအုံး သူကြီး ”

“ တိုက်မောင်း....မင်းအကြောင်းကို တရွာလုံးသိစေရမယ် ”

“ တော်တော့ဗျာ ”

“ သူကြီး....တိုက်မောင်း ဘာဖြစ်ကြတာလဲ ”

“ ဘာဖြစ်ရမှာလဲ ခင်ဗျားသားတိုက်မောင်း....ကမ်းကုန်အောင်မိုက်တဲ့ ယုတ်မာတဲ့ကောင်....အခုရွှေမှုံအိမ်က ခွေးသေပြီ ဓါးဒဏ်ရာနဲ့....ရွှေမှုံခွေးကိုခင်ဗျားသားတိုက်မောင်းသတ်တာ....ခင်ဗျားကိုအားနာလို့ကိုကံထူးရေ....ဒါပေမယ့် ကျုပ်တိုက်မောင်း ကို ဟို တခါထဲက မသင်္ကာဖြစ်နေတာ....သူ့ဓါးမြှောင်ကို ရွှေမှုံနတို့အိမ်ရှေ့ကကောက်ရတာ ကျုပ်ပြန်ပေးခဲ့တယ်....ခင်ဗျား မှတ်မိသေးရဲ့လား....မဖြစ်တန်ကောင်းပါဘူးဆိုပြီးကျုပ်သံသယကိုချေခဲ့တယ်....ဒါပေမယ့် အခုတွေ့လား....တိုက်မောင်းရဲ့ဓါး မြှောင်မှာ ရွှေမှုံခွေးရဲ့သွေးစတွေ.....ခင်ဗျားကိုအားနာတယ်....ဒါပေမယ့်မတတ်နိုင်ဘူး....မကောင်းရင် ကိုယ့်သွေးတောင် ဖေါက် ထုတ်ရတယ်တဲ့ဗျာ ”

“ မဟုတ်ဘူး သူကြီး....အမှန် ”

“ ခင်ဗျားဘာမှမပြောနဲ့တော့ ဒီကိစ္စတွေအားလုံး ခင်ဗျားမသိဘူးဆိုတာ ကျုပ်ယုံတယ်....ဒီမှာကိုကံထူး ခင်ဗျားသားကို ကျုပ် သားတစ်ယောက်လိုချစ်တယ်ဆိုတာ တစ်ရွာလုံးအသိ ”

“ ဒါပေမယ့်ဗျာ ကျုပ်ပြောပါရစေအုံး ”

“ ဘာမှမပြောနဲ့တော့ကိုကံထူး....ခင်ဗျားသားလူယုတ်မာတော်တော်မိုက်ရိုင်းတယ်....ကျုပ်လုပ်စရာရှိတာ ဆက်လုပ် ရမယ်”

“ဟဲ့....အကို နင်လိုက်မသွားဘူးလား ”

“ ဘယ်ကိုသွားရမှာလဲ ”

“ သူကြီးကမောင်းထုခေါ်တယ်လေ....အခုမွန်းတည့်မှာ သူ့အိမ်ကို ရွာထဲက ကာလသားတွေအားလုံးလာရမယ်တဲ့ ”

“ အဘကော ”

“ အဘ အဲဒီကို လိုက်သွားတယ်....ရွှေမှုံပြဿနာထုးခြားမယ်နဲ့တူတယ် ”

“ အဘသွားတာကြာပြီလား ”

“ ခုလေးတင်ဘဲ....အခုဆို သူကြီးအိမ်ရောက်လောက်ပြီ....နင်လိုက်သွားရင် မီမယ်ထင်တယ် ”

“ ကဲ....နားထောင်ကြ ရွှေမှုံကိစ္စကြောင့် ကျုပ်တို့ကံကြီးကုန်းတရွာလုံး အရှက်ကွဲနေရတာ အားလုံးသိတယ်....ဒါပေမယ့် တရားခံလူယုတ်မာကို သတင်းပေးနိုင်တဲ့သူ မပေါ်သေးဘူး....ဖော်ထုတ်နိုင်တဲ့လူမရှိဘူး....ဒါပေမယ့် ကျုပ်သဲလွန်စ တချို့တလေကို ရထားတယ်....သဲလွန်စရထားပေမယ့် တရားခံအစစ်ကို ဖော်ထုတ်ဘို့ ကျုပ်သိပ်ခက်နေတယ်....ဒီကိစ္စမျိုးဆိုတာ ရမ်းပြီးစွပ်စွဲလို့လည်းမရ ဘယ်သူဘယ်ဝါပါလို့ ကျုပ်တပ်အပ်မပြောနိုင်ဘူး....လူယုတ်မာကလည်း သူပါလို့ဘယ်ဝန်ခံပါ့မလဲ ”

“ တရားခံကို အတိအကျဖော်ထုတ်နိုင်ရင်တော့ အကောင်းဆုံးဘဲ ”

“ လူတယောက်ကြောင့် ကျုပ်တို့တစ်ရွာလုံး အထင်အမြင်အလွဲခံရတာ မခံနိုင်ဘူးဗျာ ”

“ ဟုတ်တယ်....ဟုတ်တယ် ”

“ ကျုပ်တို့ကာလသားတွေမှာ ပိုပြီးအနေခက်ရတယ် ”

“ ဒီလူယုတ်မာကို မဖော်နိုင်ကြတော့ဘူးလား ”

“ ကဲ....ထိုင်ကြပါ ”

“ တရားခံအစစ်ကို ကျုပ်မဖော်ထုတ်နိုင်သေးပေမယ့် အချိန်ကျရင် ကျုပ်အဲဒီတရားခံကို ကျုပ် ဂုတ်ဆွဲပြမယ် ”

“ အခုတော့ကျုပ်မှာ အစီအစဉ်တစ်ခုရှိတယ် ”

“ ဘာအစီအစဉ်လဲ ....ပြောပါ ပြောပါ ”

“ ကဲ....နားထောင်ကြစမ်း....ရွှေမှုံရဲ့ကိုယ်ဝန်ပြဿနာကိစ္စ ဒီရွာထဲက အိမ်ထောင်ရှင်ယောကျာ်းတွေ လူကြီးတွေတော့ ဘယ် နည်းနဲ့မှ မဖြစ်နိုင်ဘူး....ဒီတော့ ဒီထဲမှာရှိတဲ့ လူပျိုကာလသားတွေအားလုံးဟာ အပြစ်ဒဏ်ကို မျှပြီးခံကြရမယ် ”

“ ဟာ....အဲဒါတော့ မဖြစ်နိုင်ဘူး ”

“ နေကြအုံး....ဆက်ပြောအုံးမယ်....ကံကြီးကုန်းရွာမှာရှိတဲ့ လူပျိုကာလသားတွေအားလုံးက ရွှေမှုန်အိမ်ကို ပြင်ဆောက်ပေးရမယ်....ခြံထဲကို ရှင်းပေးရမယ်....ပြီးတော့ရွှေမှုံမီးဖွားဘို့မီးနေခန်းဆောက်ပေးရမယ်....အဲဒါဟာအပြစ်ဒဏ်ကို အားလုံးမျှပြီး ခံတဲ့သဘောဘဲ....နားလည်လား ”

“ ဒါဘယ်ဟုတ်မလဲသူကြီးရာ လူယုတ်မာတစ်ယောက်အတွက် ကျုပ်တို့ကာလသားတွေအားလုံး ဝိုင်းပြီးခံရမယ်ဆိုတော့ ”

“ အပြစ်ရှိလို့ခံရမယ်လို့ငါပြောတာမဟုတ်ဘူး....ရွှေမှုံဟာ နင်တို့ရဲ့နှမလေး....ကိုယ့်တရွာထဲကနှမလေး ဒုက္ခရောက်နေတဲ့အချိန်မှာ ဝိုင်းပြီးစောင့်ရှောက် ကူညီတဲ့သဘော....အဲဒီတော့ ရွှေမှုန်ကလေး မီးဖွားပြီးတဲ့အထိ ရွာထဲက ကာလသားလူပျိုတွေအားလုံး ဒီတာဝန်ကို ယူရမယ် ”

“ ရွှေမှုံဗိုက်က ညောင်မိစ္ဆာနဲ့ရတဲ့ဗိုက်ဟာ ဘယ်လိုလုပ်တရားခံရှိရမှာလဲ ”

“ ဟား....ဟား....”

“ ငြိမ်ကြစမ်း....ရွှေမှုန်အတွက် အိမ်ပြင်၊ ခြံရှင်း၊ မီးဖွားဘို့ မီးနေခန်းဆောက် အဲဒီစတဲ့ အလုပ်တွေမှာ တိုက်မောင်းကတာ ဝန်ယူရမယ် ”

“ လုံးဝမတရားဘူး ”

“ ဟိတ်ကောင်....ဒါရွာလူကြီးတွေအားလုံးရဲ့ ဆုံးဖြတ်ချက်ကွ ”

“ ဒီရွာမှာ ကျုပ်တို့လူပျိုတွေဘဲယောကျ်ားရှိလား....ရွာသူကြီးကော ယောကျ်ားမဟုတ်ဘူးလား....အိမ်ထောင်သည်တွေကောယောကျ်ားမဟုတ်ဘူးလား....ဒီကိစ္စကို ကျုပ်တို့လူပျိုကာလသားတွေဘဲ မျှခံရမယ်ဆိုတော့ ကျုပ်တို့လူပျိုကာလသားတွေကိုဘဲ သိမ်းကြုံးစွပ်စွဲတဲ့ သဘောသက်ရောက်တယ် ”

“ ဟုတ်တယ်....ဟုတ်တယ် တိုက်မောင်းပြောတာမှန်တယ် ”

“ ဟိတ်ကောင် တိုက်မောင်း မင်း ဘာစကားပြောတာလဲကွ ”

“ ဟိတ် မင်းက တို့ လူကြီးတွေကို စော်ကားတာဘဲ ”

“ ကျုပ်စော်ကားလိုစိတ်နဲ့ပြောတာမဟုတ်ဘူး....ရွှေမှုံခြံဝင်းကိုရှင်းပေးရမှာ ရွှေမှုံအိမ်ပြင်ဆောက်ပေးရမှာ မီးနေခန်းကို ရှင်း ပေးရမှာ ကျုပ်ကခေါင်းဆောင်ရမယ်ဆိုတော့ ဒါ....ဒါ....ဒါ ”

“ ဟိတ်ကောင် တိုက်မောင်း မင်းထိုင်စမ်း မင်းပြန်ထိုင်လိုက်စမ်း....ခွေးတိရိစ္ဆာန် မင်းပြန်ထိုင်လို့ ငါပြောနေတယ် မဟုတ်လား ”

“ ကျုပ်မလုပ်နိုင်ဘူး ”

“ ဒီမှာ တိုက်မောင်း ရွာလူကြီးတွေရဲ့ဆုံးဖြတ်ချက်ကို ငြင်းပယ်တယ်....ရွာလူကြီးတွေကို စော်ကားတယ်....ဒါကြောင့်ရွှေမှုံ မီးဖွားတဲ့အခါမှာ မီးနေအဝတ်အစားတွေ အညစ်အကြေးတွေကို တိုက်မောင်းက လျှော်ဖွပ်သန့်စင်ပေးရမယ်....ဒါ ငါဆုံးဖြတ်တဲ့ အမိန့် ”

“ မလုပ်ဘူး....ဘာအမိန့်ဘဲဖြစ်ဖြစ် ကျုပ်မလုပ်နိုင်ဘူး ”

“ အေး....မလုပ်နိုင်ရင် မင်းနဲ့ငါနဲ့တွေ့မယ်ကွ ”

“ အားလုံး ပြန်နိုင်ကြပြီ....လူကြီးတွေတော့ ခဏနေရစ်ကြအုံး ”

“ ဟာ....လက်မှာသွေးတွေနဲ့ပါလား အဘ ”

“ ဘယ်လိုဖြစ်တာလဲအဘ ”

“ ဓါးရှတာ ”

“ ဟာ....ဘယ်မှာ ရှလာတာလဲ ”

“ ဆေးသွားယူ....ဆေးသွားယူ ”

“ လာအုန်း....နင်လုပ်စရာရှိတာသွားလုပ်....ငါ အဘကို ဆေးထည့်ပေးမယ် ”

“ အဘကို သေချာလည်းမေးကြည့်အုံးနော်....ငါမေးတော့ ဘာမှလဲမပြောဘူး ”

“ ကဲသွားပါ....လုပ်စရာရှိတာလုပ် ”

“ သား တိုက်မောင်း သူကြီးကို ကလန်ကဆန်မလုပ်ပါနဲ့လို့ အဘတောင်းပန်ပါတယ်ကွာ....သား သူကြီးကို ကလန်ကဆန် မလုပ်ပါနဲ့....သား ”

“ ဟုတ်ကဲ့....ဒါပေမယ့် သူကြီးက.... ”

“ ဟုတ်တယ်သားလေးရယ်....ဒါပေမယ့် သူကြီးက လူကြီးဘဲ....သူကြီးက ဒီရွာမှာလူကြီး....သူပြောတာကို သားတို့က နားထောင်ရမှာပေါ့....အဘပြောတာကိုနားထောင်ပါသားရယ်.... အဘတောင်းပန်ပါတယ်ကွာ.... အဘတောင်းပန်ပါတယ်ကွာ.... အဘတောင်းပန်ပါတယ်ကွာ ”

“ အဘ....ဘာမှမတွေးဘဲ အိပ်လိုက်တော့ဗျာနော် ”

“ အား...သား...အဘ....ငါ့သားရယ် ”

“ ဒီတခါသူကြီးလုပ်ပုံက ဘယ်လိုကြီးမှန်း မသိဘူးကွာ ”

“ ဘာဖြစ်လို့လဲ ”

“ ဘာဖြစ်ရမှာလဲဟ မင်းစဉ်းစားကြည့်ကွာ....ရွှေမှုံလေးအိမ်နဲ့ခြံကို ပြင်ဆင်ပေးကြပါဆိုပြီးနေတဲ့ဟာ....အခုဟာ ရွှေမှုံကိုယ် ဝန်ရှိတာကို ပြဿနာလုပ်ပြီး ငါတို့အားလုံးကို ဒဏ်ပေးတဲ့အနေနဲ့ ခိုင်းတာကွ ”

“ ဟုတ်တယ်ကွာ ”

“ ငါတို့ဟာ အပြစ်ရှိတဲ့ တရားခံလို ဒဏ်ခတ်ခံရတာ ”

“ ဘာမှ မဖြစ်ပါဘူးဟာ....ရွှေမှုံကို ကိုယ့်ညီမလေးလို သဘောထားကြပေါ့ ”

“ တို့မှာအပြစ်မရှိဘူးဆိုတာ တို့ကိုယ်စောင့်နတ်တွေအသိဆုံးဘဲ....အဲဒီတော့ ဒုက္ခရောက်နေတဲ့ ကိုယ့်ညီမလေး တယောက်ကို ဝိုင်းဝန်းစောင့်ရှောက်တယ်လို့ဘဲ သဘောထားကြ ”

“ ဟုတ်တယ်ကွာ ”

“ ကျုပ်တို့ကလည်း ဒီသဘောနဲ့လုပ်နေတာ....လုပ်တာကတော့ လုပ်ပေးရမှာဘဲ ”

“ အခုလည်းလုပ်ပေးနေတာဘဲ ”

“ ဒါပေမယ့်....လူယုတ်မာ တယောက်ကြောင့်အပြစ်ပေးခံရတာ ဆိုးတယ်ကွာ ”

“ ဟုတ်တယ်ကွ ”

“ ဒီတခါသူကြီးနဲ့ ရွာလူကြီးတွေ လုပ်ပုံမတရားဘူးကွာ....ဒီလူယုတ်မာတစ်ယောက်ကြောင့် မင်းတို့ငါတို့ သိမ်းကြုံးခံရတာ ”

“ ဘယ်ကလူ့တိရိစ္ဆာန်မှန်းလည်းမသိပါဘူးကွာ....စိတ္တဇဖြစ်နေတဲ့ရွှေမှုန်လေးကိုမှ စော်ကားရက်တယ်....ဟင်း.... တရားခံပေါ်လို့ကတော့ကွာ ဟင်း ”

“ ကဲ....ကဲ ကိုယ်မဟုတ်လည်းပြီးကြတာပါဘဲဗျာ....အမှန်တရားဆိုတာ တနေ့ပေါ်လာမှာပါဘဲဗျာ ”

“ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ကြ ”

“ ဩော်....တိုက်မောင်းရေ ဒို့ဒီဘက်ကပြီးရင် ဘာဆက်လုပ်ရမလဲ ”

“ လုပ်ချင်တာလုပ်ကြကွာ....ငါ့လာမမေးနဲ့ ”

“ ဟ....သူကြီးကဒီကိစ္စမှာ မင်းကိုခေါင်းဆောင်တင်ထားတာဘဲ မဟုတ်လား ”

“ ခေါင်းဆောင်....ဘာခေါင်းဆောင်လဲ.... ဒီမှာအလုပ်လုပ်တဲ့ ကာလသားတွေအကုန်လုံး အပြစ်ပေးခံနေတဲ့သူတွေချည်း မဟုတ်လား....အဲဒါ ငါ့ကိုခေါင်းဆောင်တင်ထားတယ်ဆိုတော့ ရွှေမှုံကိစ္စမှာ ငါတရားခံလို့ ပါးစပ်ကထုတ်မစွပ်စွဲရုံဘဲ ရှိတော့တယ် ဒါကြောင့်ငါခိုင်းတိုင်းမလုပ်နိုင်ဘူး....မင်းတို့ဘာသာလုပ်ချင်လုပ်ကြ ”

“ ဟဲ့ကောင်....ဘာစကားတွေများနေတာလဲ ”

“ မင်းတို့အလုပ်လုပ်တာဆက်လုပ်ကြ ”

“ အလကားတောင်စဉ်ရေမရတွေ ”

“ ဟောတော့်....နှမလေးရဲ့ နန်းတော်ကို ဝင်စီးကြတော့မလို့ပေါ့ ဟုတ်လား....မောင်တော်ဘုရားရေ ကယ်ပါအုံး.... နင်တို့ တော့လား ငါ့မောင်တော်ဘုရားနဲ့တွေ့မှ အကုန်သေကုန်မယ်....ဟား...ဟား....ဟား ”

“ အ....အား....အား နာလိုက်တာ အား....ကျွတ် ကျွတ် သမီးလေးမွေးတော့မယ် ”

“ ဒီအတိုင်းတော့မဖြစ်ဘူး....ရွှေမှုံအတွက် စိုးရိမ်ရတယ်....ကျွန်မတော့ မွေးမပေးနိုင်ဘူး ကဲ....အဲဒါ ဘာလုပ်ကြမလဲ ”

“ မကြီးသူရွာ ဆရာဝန်တစ်ယောက်ရောက်နေတယ်လို့ ကြားတယ်သူကြီး ”

“ ဟ....သေချာရဲ့လား ”

“ သေချာပါတယ်….မနေ့ကဘဲ ကျုပ်တွေ့ခဲ့တယ် ”

“ သေချာရင် လူလွှတ်ပြီးတော့ ဆရာဝန်ပင့်ခိုင်းလိုက်ရင်ကောင်းမယ်ထင်တယ်….ရွှေမှုံအတွက် စိုးရိမ်ရတယ် ”

“ ခေါ်မှာဖြင့်လည်း အအမြန်ခေါ်ကြပါ….ရွှေမှုံအိမ်ထဲမှာ မီးမဖွားနိုင်လို့ အသက်ပါရတော့မယ် ”

“ ဟိတ်….တိုက်မောင်း ”

“ ဘယ်မလဲကွာ ”

“ တိုက်မောင်း ဒီမှာလေ ”

“ မင်း….မကြီးသူရွာကိုမြင်းနဲ့သွား….ဆရာဝန်အမြန်ဆုံးပင်ခဲ့ ဒါအမိန့်ဘဲ….ဟိတ်ကောင်သွားလေကွာ….ဒါ မင်းလုပ်ရမယ့် အလုပ် ”

“ အ….အား….အား….နာလိုက်တာ….နာလိုက်တာ ”

**( အာကာဘောင်ထဲက တိမ်နီ….ဘယ်ပန်းချီရေးလို့မမီ**

**အာကာဘောင်ထဲက တိမ်နီ….ဘယ်ပန်းချီရေးလို့မမီ )**

**တိမ်နီကဲ့သို့ ရွှန်းတင့်တယ် ချစ်ခြင်းမေတ္တာ**

**အာကာဘောင်ထဲက တိမ်နီ….ဘယ်ပန်းချီရေးလို့မမီ**

**ဖြစ်ပျက်ခဲ့သမျှအကြောင်းများရယ်**

**ငယ်ငယ်ရွယ်ရွယ် ကိုယ့်လိုလူပင်ခံရခက်သေးရင်**

**ကြီးမှီဖြစ်တဲ့ မွေးသဖခင်အိုကြီးအတွက်**

**ရင်ကိုခွဲ၍ အသည်းကို မီးရှို့လှူပါ့မယ်**

**တမင်ကျနေသော အပြစ်တို့ရယ် ရှိပါစေလေကွယ်….။**

“ ဟိတ်….အခြေအနေဘယ်လိုလဲ ”

“ ယောကျ်ားလေးမွေးတယ်….တိုက်မောင်းနဲ့တော့ တစ်ပုံထဲ ”

“ တောက် ”

“ ဟဲ့….ရီမြင့် နင်ဒီမှာဘာလာလုပ်နေတာလဲ ”

“ မကြီးသူရွာမှာ ဆရာဝန်မရှိလို့ ငါအမြန်ပြန်လာတာ….ရွှေမှုံအခြေအနေကော ”

“ ရွှေမှုံကလေးမွေးပြီးပြီ….ယောကျ်ားလေးတဲ့ အကိုနဲ့ချွတ်စွပ်တူနေတယ် ”

“ ဘာ ”

“ တစ်ရွာလုံးကပြောနေကြပြီ သူကြီးကလည်း….ငါမပြောချင်တော့ဘူးဟာ….ငါရှက်တယ်….ငါရှက်တယ်….အဟင့်….အဟင့် ”

“ ငါ့မှာအပြစ်မရှိတာ ငါအသိဘဲ ”

“ လူယုတ်မာ….လူယုတ်မာ နင်ငါ့ဆီကို လာရဲသေးတယ် ”

“ ဘာဖြစ်လို့တုန်း….ခဏလေးနားထောင်ပါ ”

“ နောက်တခါမလာနဲ့ ”

“ မဟုတ်ဘူး….ဖြေးဖြေးပြောပါ ”

“ လူယုတ်မာ နင့်မျက်နှာ ငါမကြည့်ချင်ဘူးကွာ ထွက်သွား ”

“ ငါ့မှာ ဘာအပြစ်ရှိ.... ”

“ ဘာ...နင်စော်ကားလို့မွေးလာတဲ့ကလေး ကြည့်စမ်း ဘယ်သူ့မျက်နှာလဲ....ဘယ်သူ့ရုပ်လဲ....တရွာလုံးအသိ အားလုံးလည်းအသိ အားလုံးလည်းခါတ်သိ....နင်ထွက်သွားစမ်းပါလူယုတ်မာရဲ့....နင်ဘာမှငြင်းမနေပါနဲ့နင်ထွက်သွားစမ်းပါလူယုတ်မာရဲ့....သွား ”

“ မဟုတ်ပါဘူး....ငါမဟုတ်ဘူးဆိုတာ နင်မယုံဘူးလား ”

“ မကြားချင်ဘူး....သွား မကြားချင်ဘူး ”

“ တိုက်မောင်း....သွား ဟော့ကောင် မင်းနဲ့ ငါ့သမီးနဲ့ ဘာဆိုင်လို့လဲ ”

“ ကျွန်တော် ရှင်းပြမယ်....နားထောင်ပါအုန်း ဦးလေးဦးဘိုးရှိန်ရာ ”

“ ဘာမှ ရှင်းပြနေစရာမလိုဘူး....တရွာလုံးသိပြီးသားကွ ”

“ ကျွန်တော်တစ်ယောက်ထဲ မဟုတ်ဘူးဗျာ့....ကျွန်တော်ဘာမှ မလုပ်ဘူး ”

“ ဟော့ကောင်....မင်းမဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ ”

“ အား...ကျုပ်....ကျုပ် ”

“ မလိုချင်ဘူးကွာ....မင်းနဲ့ ငါ့သမီးနဲ့မတန်ဘူး....ဟော့ကောင် ထွက်သွားဆိုထွက်သွား ”

“ ကျုပ်မှာ အပြစ်မရှိဘူး ”

“ ကဲကွာ....အား ”

“ ရှင်ကခါးမြောင်တွေဘာတွေဆွဲထုတ်ပြီး ငါ့အဘကိုသတ်မလို့ပေါ့လေ....သတ်ရဲရင်သတ်လိုက်စမ်းပါ လူယုတ်မာရဲ့ ”

“ အားလုံးသိကြပြီအမဟုတ်လား....တရားခံလူယုတ်မာ ဘယ်သူလဲဆိုတာ ထင်ထင်ရှားရှားသိကြပြီ မဟုတ်လားဟင်....သင်္ကာမကင်းဖြစ်နေတာကြာပြီ....ဒါမျိုးဆိုတာ စွပ်စွဲလို့မကောင်းလို့ ငါလက်ညှိုးထိုးပြီး သူ့ကိုဆွဲမပြခဲ့တာ ”

“ ဟုတ်ပါတယ်ဗျာ....ကလေးက တိုက်မောင်းနဲ့ချွတ်စွတ်တူနေတာ ”

“ အေး....ဘယ်လိုမှ မငြင်းနိုင်ဘူး ”

“ တိုက်မောင်းကို တသက်လုံးအထင်ကြီးလာတာ....အခုမှ ဒီလောက်ယုတ်မာတယ်ဆိုတာ သိရတော့တယ် ”

“ အားလုံးသိအောင်ငါထပ်ပြောရမယ်....ညအချိန်မတော်ကြီးမှာ ရွှေမှုံခြံနားမှာ တိုက်မောင်းကိုငါတွေ့ခဲ့ရတယ်.... အဲဒီတုန်းက ငါ့စိတ်ထဲမှာ ဘယ်လိုမှငါမထင်ခဲ့ဘူး....ငါပထမဆုံး သံသယဖြစ်ခဲ့တာ ရွှေမှုန်အိမ်ခြံစည်းရိုးနားမှာ တိုက်မောင်းရဲ့ခါးမြောင်ကိုငါကောက်ရတာ....ငါကိုယ်တိုင်သူ့ကိုဒီခါးမြောင်ပြန်ပေးခဲ့တယ်....အေး....သေချာကြီးကိုသံသယဖြစ်တာရွှေမှုံအိမ်က ခွေးသေတဲ့အချိန်ဘဲ....တိုက်မောင်းကို မသင်္ကာလို့သူ့ခါးမြောင်ကို ငါတောင်းကြည့်တော့ သူ့ခါးမြောင်မှာ ရွှေမှုန်အိမ်က ခွေးသွေးစတွေ တွေ့ရတယ်....ဒါတောင်ဒီကောင့်ကို လက်ညှိုးထိုးပြီး မစွပ်စွဲခဲ့ဘူး....ထွီး....တောက် ”

“ ဟာ....ကိုကံထူးပါလား ”

“ ကိုကံထူး.....ခင်ဗျားသား ယုတ်မာတာ ဖူးပေါ်သလိုပေါ်သွားပြီဗျ ”

“ ကိုကံထူး ဘုရားတရားမြဲသလောက် တိုက်မောင်းကျတော့ဗျာ....အို မပြောချင်ဘူး ”

“ တိုက်မောင်းဟာ ဘယ်လောက်ရက်စက်ယုတ်မာသလဲဆိုတာ သူရွှေမှုံအိမ်သွားသွားနေတာ....အနှောင့်အယှက်မပေးတဲ့ရွှေမှုံခွေးကို သတ်ပစ်တယ်....ကျုပ် ကံကြီးကုန်း တရွာလုံးကို အိုးမဲသုတ်တာ....ကိုကံထူး ခင်ဗျားကို အားနာတယ်ဗျာ....ကိုယ်မကောင်းရင် ကိုယ့်သွေးတောင်ဖေါက်ထုတ်ရတယ်ဗျ....ခင်ဗျားသားကို ခင်ဗျားရအောင်ထိန်းပါ....ပြီးတော့မှ ဒီကောင့်ကိုဘယ်လိုအပြစ် ပေးရမယ်ဆိုတာ လူကြီးတွေအားလုံး စီစဉ်ပြီးမှ ဆုံးဖြတ်မယ် ”

“ ထောက်ခံတယ်....ကိုကံထူးကို သူ့သားကို ခေါ်ခိုင်းပေးပါ ”

“ ကိုကံထူး....ဒါ ကျုပ်အမိန့် ပြီးတော့အားလုံးရဲ့ တောင်းဆိုချက်....ခင်ဗျားသားကို ခင်ဗျားရအောင်ခေါ်ခဲ့ဗျာ ”

“ နေကြပါအုံးဗျာ....နေကြပါအုံးဗျာ....ကျုပ်ပြောပါရစေအုံး ”

“ ခင်ဗျား ဘာမှ ပြောမနေနဲ့ဗျာ ကိုကံထူး....ခင်ဗျားသားကို ခင်ဗျားရအောင်ခေါ်ခဲ့ ”

“ ဟုတ်တယ်....ဟုတ်တယ်....ရအောင်ခေါ်လိုက် ”

“ အဟင့်....အဟင့်....အဘ ဘယ်လိုလုပ်ကြမလဲဟင် ကျွန်မ....ကျွန်မ သေသာသေလိုက်ချင်တော့တာဘဲ ”

“ ရီမြင့်....ငါ ငါ့သားလေးကို ငါသနားတယ် သူ့ခဗျာ ”

“ အဘ အကိုကို မကယ်နိုင်တော့ဘူးလား အဘရယ် ”

“ ငါဘယ့်နှယ်မှ မလုပ်တတ်တော့ဘူး....ငါဘာမှ မလုပ်တတ်တော့ဘူး....တိုက်မောင်းကို ငါသိပ်သနားတယ်....ငါ ငါရင်တွေကွဲကုန်မယ်....ငါ့ရင်တွေ ကွဲထွက်ကုန်ပြီ ”

“ ငါ့သား ”

“ အကိုထွက်ပြေးသွားပြီ အဘ....အကိုထွက်သွားပြီ ”

“ ငါ့သား တိုက်မောင်း သား....သား....မပြေးနဲ့ ပြန်လာ....ပြန်လာ ”

**အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ**

“ သားရေ....သား ”

**အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ**

**တိမ်နီကဲ့သို့ ရွှန်းတင့်တယ် ချစ်ခြင်းမေတ္တာ**

**အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ**

“ မွေးသဖခင် ကျေးဇူးရှင်အတွက် တပည့်တော် အပြစ်ဟူသမျှခံပါတော့မယ်....ကျေးဇူးရှင်ဖခင်အတွက် တပည့်တော် ဘဝနဲ့ရင်းပြီး တသက်လုံး မြိုသိပ်သွားပါတော့မယ်ဘုရား....ဖခင်အတွက် ဘဝနှင့်အသက်ကို ပေးနိုင်တဲ့သားဖြစ်ပါရစေ....အခုဘဝမှာ ပေါင်းခွင့်မရတဲ့ ချစ်သူခင်ဖြူနဲ့ နောင်ဘဝမှာ ပေါင်းပါရစေဘုရား....တပည့်တော်၏အဘအတွက် တပည့်တော် သစ္စာပြုပါတယ် ဘုရား ”

“ သား....တိုက်မောင်း....သားလေး....သားလေး....သားလေးမသွားပါနဲ့ကွာ....သား.....သား....တိုက်မောင်းမပြေးပါနဲ့ကွာ....အဘအပြစ်ကို အဘဝန်ခံလိုက်မယ်....ဟာ....တိုက်မောင်း....မလုပ်ပါနဲ့ကွာ အဘအပြစ်ကို အဘခံလိုက်မယ် ”

“ အဘ လိုက်မလာနဲ့နော်....ကျုပ်အဘကို မတွေ့ပါရစေနဲ့ ကျုပ်သွားတော့မယ် ”

“ တိုက်မောင်း....သားထွက်မပြေးပါနဲ့ မင်းပြေးစရာမလိုပါဘူး....တကယ်တမ်း လူယုတ်မာအစစ်က အဘပါ....သားလေး မဟုတ်ပါဘူး....အဟင့်....အဟင့်....သားလေး မဟုတ်ပါဘူး....တရားခံအစစ်က အဘပါ....အားလုံးရဲ့ရှေ့မှာ အဘလူယုတ်မာ ကီးဆိုတာ အဘထုတ်ဖော်ပြောလိုက်တော့မယ်....မပြေးပါနဲ့သားရယ် ”

“ အဘဘာမှ မပြောရဘူး....အဘဘာမှ မပြောရဘူး....ဖြစ်သမျှအားလုံး ကျုပ်ခံမယ်....ကျုပ်ခံမယ်....အဘကျုပ်နောက်လိုက် မလာပါနဲ့....အဘကျုပ်နောက်လိုက်မလာပါနဲ့...အဘ ”

“ သား....လူလေး...သား မပြေးနဲ့....တိုက်မောင်းရေ...သား...တိုက်မောင်း....သား....မပြေးပါနဲ့ကွာ....အဘအပြစ်ကို အဘဖေါ်ထုတ်လိုက်မယ်သား....သားမပြေးနဲ့....ဟာ....တိုက်မောင်းမပြေးပါနဲ့ကွာ....တိုက်မောင်း မပြေးပါနဲ့ကွာ....တိုက်မောင်း မပြေးပါနဲ့ကွာ....အဘ လူယုတ်မာနှစ်ခါ အဖြစ်မခံနိုင်ဘူး....အဘထုတ်ပြော လိုက်တော့မယ်....ငါ့သားလေး....ငါ့သားလေး....ငါ့သားလေးအဘနဲ့ပြန်လိုက်ခဲ့ပါ....ငါ့သားလေး အခုလိုဖြစ်နေတာတွေ စိတ်ညစ်နေတာတွေ အဘမကြည့်ရက်တော့ဘူး....သားရေ ငါ့သားလေး စိတ်ညစ်အောင်အဘ တခါမှမလုပ်ခဲ့ပါဘူး....အဘဖွင့်ပြောလိုက်တော့မယ် ”

“ အဘဖွင့်မပြောရဘူး ”

“ သား ”

“ ဖွင့်မပြောရဘူး....ဖြစ်ပျက်သမျှအားလုံးကျုပ်ခံမယ်....အဘပြန်တော့ဗျာ.....အဘပြောလို့မရဘူးလား....ဒီမှာကြည့် ”

“ သားမလုပ်ပါနဲ့ ”

“ အဘပြန်တော့....အဘပြန်တော့ ကျုပ်လိုက်ခဲ့မယ်....အားလုံးရှေ့မှာ တရားခံကိုကျုပ်လို့ ဖွင့်ပြောလိုက်မယ်....အဘဘာမှ ဝင်မပြောနဲ့....အဘဘာမှ မပြောနဲ့....ဖွင့်ပြောလိုက်မယ်....ကျုပ်ကံနဲ့ကျုပ် ”

“ မလုပ်ပါနဲ့သားရယ်....အဘတောင်းပန်ပါတယ်....အဘရင်တွေကျိုးပါပြီကွယ်....ငါ့သားလေးမှာ အပြစ်မရှိပါဘူး....လုပ်မိတာကအဘပါ....လုပ်မိတာက အဘပါ....လူယုတ်မာကြီးက အဘပါ....အဘ ရွှေမှုန်လေးကို ဖျက်စီးတာက အဘပါ သားရယ်....သား လေးနဲ့မဆိုင်ပါဘူးသား....အဘအပြစ်ကို အဘဖေါ်ပြလိုက်တော့မယ် ”

“ ဟာ အဘ....ပြောလို့မရဘူးလား....တွေ့လား....ကျုပ်ကိုကျုပ်သတ်လိုက်မယ်....အဘ ဘာမှမပြောပါဘူးလို့ ကတိပေးမလား မပေးဘူးလား....ကျုပ်မေးနေတယ်နော်....အဘမဖြေဘူးလား....ကျုပ်သတ်သေလိုက်မယ်နော် ”

“ ပေး...ပေးပါ့မယ်သားရယ်....ဓါးနဲ့တော့မထိုးပါနဲ့....ဓါးနဲ့တော့မထိုးပါနဲ့ ”

“ ကောင်းပြီ....ဒါဆိုအဘပြန်တော့ ကျုပ်လိုက်ခဲ့မယ် ”

“ အဟီး...ဟီး ”

“ ဟော....ကိုကံထူးလာပြီဗျ ”

“ ကိုကံထူး ဘယ်မလဲတိုက်မောင်း ”

“ လိုက်လာပါလိမ့်မယ်....သူကြီး ”

“ အားလုံးအမြင်ရှေ့မှာ ငါ့အပြစ်တွေ ထုတ်ပြောလိုက်တော့မယ်....ငါ့သားကြီးငါ့ကြောင့်ဒုက္ခမရောက်စေရဘူး ”

“ ကိုကံထူး....ခင်ဗျားအတွက် ကျုပ်တို့အားလုံးစိတ်မကောင်းတာအမှန်ဘဲ....ဒါပေမယ့်မတတ်နိုင်ဘူး....အခုကိစ္စဟာ တရွာ လုံးရဲ့ဂုဏ်သိက္ခာဖြစ်တယ်ကွာ ”

“ ဟာ....ပြောမနေစမ်းပါနဲ့သူကြီးရာ အဖေက ဘုရားနဲ့တရားနဲ့ သူတော်ကောင်းဖြစ်ပေမယ့် သားကျတော့ လူယုတ်မာဖြစ် ရင်ဖြစ်နေမှာဗျာ ”

“ ခင်ဗျားဒေါသထိန်းစမ်းပါ ကျုပ်တယောက်လုံးရှိတယ် ”

“ ဘာ....ကျုပ်ဒေါသကို ထိန်းရအုံးမယ် ဟုတ်လား...ကျုပ်ဘယ်လိုလုပ်ထိန်းနိုင်မလဲဗျာ....အရပ်ထဲမှာ မျက်နှာမပြဝံ့အောင်အရှက်တကွဲဖြစ်နေပြီ....ကျုပ်သမီးနဲ့ ဒီကောင်လေးမေတ္တာမျှနေကြတယ်ဆိုတာတရွာလုံးအသိ....အခု သူယုတ်ယုတ်မာမာ လုပ်သွားတော့ ကျုပ်သမီးလေး ဘယ်လိုခံစားရမလဲ....ပြောလေဗျာ ”

“ အေး....ဟုတ်တော့ ဟုတ်တာပေါ့ ဦးဘိုးရှိန်ရ ဒါပေမယ့်ကျုပ်တို့တွေ ကိုကံထူးမျက်နှာကိုလည်းငဲ့ပါအုံး ”

“ အပြစ်ဒဏ်က ကျုပ်ကိုယ်တိုင်ချမှာပါ ”

“ တိုက်မောင်းတော့ကွာ....လာပစေအုံးပေါ့ကွ ”

“ တိုက်မောင်းလာပြီ ”

“ ရောက်လာပြီဆိုပါတော့....ဟော့ ရွှေမှုံရဲ့မီးနေထမီတွေ ယူခဲ့စမ်း....ပစ်ချပေးလိုက်စမ်း ”

“ တိုက်မောင်း....အဲဒါမင်းရဲ့ မိုက်ရိုင်းယုတ်မာမှုအတွက် ပဏာမ အပြစ်ဒဏ်ဘဲ ”

“ သူကြီး....သူကြီး ”

“ အဘ....ဘာမှမပါပါနဲ့ ”

“ မင်းဘာမှစကားမရှည်နဲ့ ဟော့ကောင်....မင်းဘာလုပ်နေတာလဲ ယုတ်မာတုန်းက ယုတ်မာပြီးတော့ အရူးမလေးကို စော်ကား....ခွေးကိုသတ်...တရွာလုံးကို အရှက်ခွဲတဲ့ကောင်....ငရဲကောင်....ကြာတယ်ကွာ....ဒိုင်း ”

“ အား....”

“ ဟာ....သား....သားလေး....သားလေးကို ဘယ်ထိသွားလဲ....သားလေး....သားလေး....သားလေး....သူကြီး ”

“ အဘ ကတိတည်ပါနော်....အား ”

( အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ

အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ )

တိမ်နီကဲ့သို့ ရွှန်းတင့်တယ် ချစ်ခြင်းမေတ္တာ

အာကာဘောင်ထဲက တိမ်နီ....ဘယ်ပန်းချီရေးလို့မမီ

“ သား...သား....သား....သား ”

ဖြစ်ပျက်ခဲ့သမျှအကြောင်းများရယ်

ငယ်ငယ်ရွယ်ရွယ် ကိုယ့်လိုလူပင်ခံရခက်သေးရင်

ကြီးမီဖြစ်တဲ့ မွေးသဖခင်အိုကြီးအတွက်

ရင်ကိုခွဲ၍ အသည်းကို မီးရှို့လှူပါ့မယ်

တမင်ကျနေသော အပြစ်တို့ရယ် ရှိပါစေလေကွယ်....။